LANI MI DAI THU RA JAU GAWNG HTE WARANA YATHE GAW MARE E NGA AI MASHA NI HPE MUNG JAW LU MAYU AI MAJAW HPUN LUNG PU KAW NA CHYARU NI HPE KAWA NTUM KABA NI HTA BANG NNA MARE DE SA DUT MA AI. MARE MASHA NI SHA N-GA HKAW HKAM WA HPE SA JAW MA AI. HKAW HKAM WA MUNG GRAI RA SHARAWNG KAU U AI. LA SA WA AI CHYARU NI MA MAT AI SHALOI DAI MARE KAW NAN HPUN LAKYING LABRA NTSIN HTE BUNG HKRA TSA SHADU NNA LU MA AI. DAI MAJAW MUNG DAN TING CHYAM MAT WA AI RAI. DAI SHALOI BA RA NATHI MUNG TING HTEN BYAK YAWM MAT WA AI RAI.

DAI HPANG THA KE TA MARE DE SA NHTAWM THAP BA MIK TA HKAW HKAM WA HPE MU LA AI CHYARU HPE

SHAN HTE CHYE SHADU AI LAM TSUN SHAWK MA AI. HKAW HKAM WA GAW RA AI ARUNG ARAI NI HPE YA NNA CHYARU SHADU SHANGUN U AI. SHA DU NGUT AI HPANG DI KABA NI HTA BANG NNA HKAW HKAM WA HPE SA JAW MA AI.

HKAW HKAM WA GAW MAN DAT GABA GAP NHTAWM HKAW HKAM KASHU KASHA NI AMAT SALANG NI HTE RAU PYAW POI SHA NA MATU HKYEN TAW NGA YANG NYAU NI GAW CHYARU YAM KAW NA KABRAT PRU WA AI CHYARU HKIN BAWP JAHKU NI HPE LU HKRUP MA AI. NYAU NI TSA NANG NNA JASI NI ZAWN N-GA KRAN GALAU TAW MA AI RAI.

NYAU NI SI GALAU TAW AI LAM HKAW HKAM HPE SA SHAWK MA AI SHALOI NDAI THU RA JAU GAWNG HTE WARA NA GAW AGUNG NTSIN GALAW NNA ANHTE HPE SAT SHAGROI NA MATU SA WA AI NI RE NGU HTANG LA NNA SHAN LAHKAWNG HPE YA NAN SAT KAU MA AI.

THU RA JAU GAWNG HTE WARANA GAW CHYARU HPE GALAW HPANG AI NI RE. "CHYARU MU DIK SHE RE, CHYARU MU DIK SHE RE" NGU JAHTAU TSUN SHAWK LET NSA HTI MAT WA MA AI. SHAN LAHKAWNG NSA HTI AI HPANG KADE NNA YANG JASI ZAWN NANG GALAU TAW AI NYAU NI NANG PRAI MAT NNA BAI RAWT WA MA AI. DAI TEN KAW NA NPAWT HPANG LET MASHA NI GAW CHYARU HPE TI NANG NAN SHADU NNA LU SHA WA MA AI RAI. YA PRAT DU HKRA NAN RAI NGA AI.

CHYARU NANG HPA, NLU NSHA NA, THIK HKA HKAN NA NNGAI.

## 5. (3) HKYING MI DAN AI U BUK

ZE TAWUN JAWNG GAP JAW YA AI WA (JAWNG DAGA) ANA HTABING TSAHTI KABA HTA NHKRU AI LA KASHA LANGAI NGA AI. KANU KAWA NI SHARIN SHAGA AI GA HPE HKYEP MI MUNG NMADAT AI SHA MANAW MANANG NI HTE AYAN CHYARU LU SHA PYAW CHYAI NGA AI RAI. CHYARU HTE PYAW LAM, NAM PYAW HTE CHYARRU GAW RAU GIN RUN LET NGA AI RAI. TSAHTI KASHA KA LA GAW KANU KAW HPYI LA, KANA NI KAW HPYI LA, NCHYE HKRA MANAW LA RAI PYAW NA MATU LU SHA NA MATU HKRAI SHA CHYE U AI.

KASHA HPE KAWA A LAHKAM DEP SHANGUN MAYU AI TSAHTI KABA WA GAW KA LA HPYI AI GUM HPRAW HPE LAI LI NJAW AI. "LANI MI U BUK THI LA SIN JANG GUM HPRAW LATSA JAW NA" NGU NNA TSUN LET KA LA HPE JAWNG DE SA NNA UBUK THI LA SIN SHANGUN U AI. JAI NA GUM HPRAW RA NGA AI KA LA GAW ZE TAWUN JAWNG DE SA



10. KASHA HPE KANU KAWA GAW KAJA WA HKRA LAKAWN AI LAM.

၁၀။ သားသမီးကို မိဘက လိမ္မာအောင်စည်းရုံးပုံ။

NNA U BUK SIN U AI. JAI LANG KAU U AI. U BUK KALANG SIN YANG GUM HPRAW LATSA LU LA RAI NNA GRAI ZENG RAI TAW NGA U AI RAI.

TSAHTI KABA WA GAW HTAP MI LUNG NNA U BUK SIN SA LET MYAT TSWA HPARA HAW DAN AI TARA NI HTA NA TARA LANGAI MI MATSING JANG GUM HPRAW HKYING MI JAW NA NGU TSUN U AI. GUM HPRAW RA AI KA LA GAW JAWNG DESA NHTAWM SHING JUT LANGAI MI KAW NGA NNA MYAT TSWA HPHPARA HAW DAN AI TARA LANGAI MI HPE LU MATSING LA HKRA MADAT LA U AI. MADAT LET TARA A SUNG AI LACHUM HPE CHYE NA, MU CHYE DAT U AI. TARA POI NGUT AI HTE MAREN THAW TA PAT TI MET NYAN HPU NYAN HPE LU LA NU AI RAI.

JAHPAWT NHTOI HTOI AI SHALOI HPARA HKAU SAWM JA AI HPANG HKAN NANG WA NNA KAWA TSAHTI WA NTA DE DU WA U AI. MYI MAN NSAM ZIM SAN PRA AI U BUK SIN AI KA LA HPE

KAWA GAW GUM HPRAW HKYING MI JAW AI SHALOI KA LA GAW GRAI GAYA U AI. GUM HPRAW HKYING MI HPE NLA U AI.

DAI SHALOI MYAT TSWA HPARA GAW KA LA GAW TARA MADAT MARA LET U BUK SIN NGA YANG TARA HPE MU CHYE MAT WA SAI. DAI MAJAW TSET CHYA WATE HKAW HKAM HKAW SENG NI A SUT GAN HTA GRAU MYAT AI LAM HPE LU LA NU AI. DAI RE MAJAW NANG JAW AI GUM HPRAW HKYING MI HPE NRA MARIN NU AI NGU NNA HAW DAN U AI RAI.

THU RA ME RAYA MIT ZA PAMA DA HTA NA WE RA MANI THIK HKA PADAN THAMA DI YA MI.

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | အဖွင့်ကဗျာ | က |
| ၂။ | ကျေးဇူးတင်စကား | ခ |
| ၃။ | အမှာစကား | င |
| ၄။ | နိဒါန်း | ဈ |
| ၅။ | ငါးပါးသီလခံယူဆောက်တည်ပုံ | ၁ |
| ၆။ | စကားလုံးနှင့်အဓိပ္ပာယ် | ၆ |
| ၇။ | (၁) ပါဏာတိပါတကံ | ၁၀ |
| ၈။ | ၁။ (က) တူသောအကျိုး ငှက်မုဆိုး | ၁၁ |
| ၉။ | ၁။ (ခ) ဓမ္မပါလ ဖိုးသက်ရှည်တို့ရွာ | ၁၄ |
| ၁၀။ | (၂) အဒိန္နာဒါနကံ | ၁၈ |
| ၁၁။ | ၂။ (က) မယားမိုက်နှင့်လင်သူခိုး | ၁၉ |
| ၁၂။ | ၂။ (ခ) မှန်မှန်ကန်ကန်ရောင်းဝယ်သူ | ၂၁ |
| ၁၃။ | (၃) ကာမေသုမိစ္ဆာစာရကံ | ၂၅ |
| ၁၄။ | ၃။ (က) သူတပါးသားမယားပြစ်မှားသူ | ၂၆ |
| ၁၅။ | ၃။ (ခ) သစ္စာရှင်မင်းသမီး | ၃၀ |

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၆။ | (၄) မုသာဝါဒကံ | ၃၃ |
| ၁၇။ | ၄။ (က) ကမ္ဘာဦးမုသား | ၃၄ |
| ၁၈။ | ၄။ (ခ) စကားကတိတည်သူ | ၃၈ |
| ၁၉။ | (၅) သုရာမေရယကံ | ၄၃ |
| ၂၀။ | ၅။ (က) အရက်သမိုင်းထွင်သူ | ၄၄ |
| ၂၁။ | ၅။ (ခ) တစ်ထောင်တန် ဥပုသ်သည် | ၄၈ |


• • • • • • •

# သီလအကျိုး

သီလခေါ်ဆို၊ ကိုယ်ကျင့်တရား၊
စင်ကြယ်ငြားမူ၊ စီးပွားတိုးလျှက်၊
နာမည်တက်၍၊ ရွံ့ရှက်ကြောက်ကင်း၊
ပွဲလည်ချဉ်း၏၊ သေခြင်းဆိုက်လတ်၊
သတိကပ်လျှက်၊ ရောက်လာတ်နတ်ဝယ်၊
ဤငါးသွယ်၊ ရဖွယ်ကောင်းကျိုးတည်း။

[ ချမ်းမြေ့ဆရာတော် ]

# ကျေးရူးတင်စကား

ဒေါ်ဂျပ်ကော့ (မြစ်ကြီးနား)

ငါးပါးသီလစောင့်လို့ ဘာအကျိုးရှိသလဲ၊ မစောင့်ရင်ကော ဘာအပြစ်ခံရမလဲ၊ အဲ့ဒီလိုမေးလာရင် ကျွန်တော်မဖြေတတ်ဘူး။ ဓမ္မ မိတ်ဆွေတွေကို မေးတော့ ဂဃနဏမည်သူမျှမရှင်းပြဘူး။ ဘုန်းကြီးတွေ မေးလျှောက်တော့ ပါဠိတွေ အရှည်ကြီး ရွတ်ပြီး တရားဟောပြတယ်။ တရားနာနေတုန်း "အို ဟုတ်လေစွ"လို့ ခေါင်းညိတ်ညိတ်နဲ့သဘောပေါက်မိ သလိုလို။ တရားပွဲလည်းပြီးရော ကျွန်တော့ရင်ထဲဘာမျှ စွဲမကျန်ရစ်ဘူး။ ဒါနဲ့မြန်မာပြန်စာအုပ်သွားဖတ်ကြည့်တော့ နားလည်သလိုလိုနဲ့ သူများကိုရှင်းမပြတတ်ဘူး။ ကချင်လိုဖတ်လိုရရင်တော့ ပိုနားလည်လိမ့်မယ်လို့ ယုံကြည်မိတယ်။ ကချင်အသက်ကြီးပိုင်းအများစုနဲ့လူလတ်ပိုင်းတချို့ဟာ ဗမာစာမဖတ်တတ်ကြဘူး။ ငါးပါးသီလနဲ့ပတ်သက်တဲ့ဝတ္ထု ကချင်လိုဘာသာပြန်

စာအုပ်ရှိရင် သိပ်ကောင်းမှာဘဲ" ဟု ကချင်ဗုဒ္ဓဘာသာ သာသနာရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဆမားကျောင်ဖနော် (ဆမား ဒူးဝါး ဆင်ဝါးနော်၏သား) က ကျမကိုအမိန့်ရှိ ပါသည်။ ကျမခံစားချက်နှင့်ထပ်တူ ဖြစ်နေပါပကော။

ယခင်က ရှက်ပုန်းသီးဘဝမှ ဗုဒ္ဓသာသနာ အဆုံး အမကို ပေါ်ပေါ် ထင်ထင် ခံယူလာကြသော ကချင် ဗုဒ္ဓဘာသာဝင်များကို ပံ့ပိုးရန် ကချင်ဗုဒ္ဓဘာသာ သာသနာရေးအဖွဲ့မှာ တာဝန်ရှိလာပြီဖြစ်သည်၊ မြစ်ကြီးနား မြို့၊ ဝန်းသိုကျောင်းဆရာတော် ဘဒ္ဒန္တ သီလဝံသ (အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ၊ နိုင်ငံတော် သံဃာ မဟာနာယက အဖွဲ့ဝင်)နှင့် ကချင်ပြည်နယ် သာသနာရေးမှူး ဦးကျော်သိန်း တို့၏ ကျေးဇူးကြောင့် မြစ်ကြီးနားမြို့ သာသနာ့ဗိမာန်ဖွင့်ပွဲ အခမ်းအနားတွင် သာသနာရေးဝန်ကြီး နှင့် တွေ့ခွင့်ရခဲ့ ပါသည်။ ကချင်ဗုဒ္ဓဘာသာအဖွဲ့ ဥက္ကဋ္ဌ၏ကိုယ်စား ကျွန်မက ဝန်ကြီးအား ကချင်ဘာသာပြန် စာအုပ်ဖြစ်မြောက်ရေး အတွက် တင်ပြအကူအညီ တောင်းခဲ့ပါသည်။

သာသနာရေးဝန်ကြီးဌာန၏ ပံ့ပိုးချက်အရ ရန်ကုန်မြို့ ဓမ္မစေတီ ဆရာတော် ဦးပညာဝရ(ဓမ္မာစရိယ) ယောက်ကော် တောရကျောင်း၏ ငါးပါးသီလဝတ္ထုစာအုပ်ကို ဆရာကြီး ဒေါဝေဘာရီ (ဂျိန်းဖောသီလရှင်) BSc, HGP က ကချင်လို

ဘာသာပြန်ဆိုသဖြင့် ကျွန်မတို့ ကချင် ဗုဒ္ဓဘာသာဝင်များ အတွက် အလွန်ဝမ်းသာစရာဖြစ်ပါသည်။

ဤငါးပါးသီလဝတ္ထု ကချင်ဘာသာပြန် ဖြစ်မြောက်ရေးအတွက် ဆောင်ရွက်ပေးကြသော ရန်ကုန်မြို့ ဓမ္မစေတီ ဆရာတော် ဦးပညာဝရ (ဓမ္မာစရိယ)၊ ဆရာကြီး ဒေါ်ဝေဘာရီ (ဂျိန်းဖော သီလရှင်)၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဝင်၊ သာသနာရေးဝန်ကြီးဌာန၊ ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး မျိုးညွန့်၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအံ့မောင်၊ ဒုတိယညွှန်ကြားရေးမှူး (ပုံနှိပ်) ဦးညွန့်မောင်နှင့် ဤစာအုပ်ကို အချိန်မီပြီးစီးရန် ကွန်ပျူတာဖြင့် စာစီပေးသော ကွန်ပျူတာအခန်းမှ တာဝန်ခံ ဦးညိုမင်း၊ ဒေါ်ချိုချို၊ ဒေါ်မိုးမိုးအေး၊ ဒေါ်စန်းစန်းမော်၊ ဒေါ်မြင့်မြင့်အေးနှင့် ဝန်ထမ်းများ၊ ပန်းချီဆရာ ရဲမင်း အစရှိသော ဤငါးပါးသီလ ဝတ္ထု ကချင်ဘာသာပြန် စာအုပ်နှင့် စပ်သမျှ ပုဂ္ဂိုလ်အားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်ပါသည်။

ဥက္ကဋ္ဌ(ကိုယ်စား)
ဒေါ်ဂျပ်ကော့(အတွင်းရေးမှူး)
ကချင်ဗုဒ္ဓဘာသာ သာသနာရေးအဖွဲ့။

# အမှာစကား

မဝေဘာရီ (ဂျိန်းဖောသီလရှင်)

ရေငတ်သူ ရေတွင်းထဲကျ
မေ့မရသည့် ထိုနေ့ကား –
ရေငတ်နေစဉ် ရေတွင်းထဲကျခဲ့သည့်နေ့တည်း။

ဗုဒ္ဓစာပေ ကချင်ဘာသာပြန် ပြုစုရမည်ဟု သိလိုက်သည်နှင့် ကြက်သီးဖျန်းကနဲ ထသွားသည်။ မာဂရီ(သာစည်) ဆရာတော်နှင့် ရဝေထွန်းဆရာတော် ပေးအပ်သော စာအုပ်များကို ချက်ချင်း ဘာသာပြန်လိုက်သည်။ ရေအလွန်ငတ်နေစဉ် အငမ်းမရ ရေသောက်လိုက်သကဲ့သို့တည်း။ ခံစားချက်အပြည့်ဖြင့် ဘာသာပြန်ပြုစုရေးလုပ်အား လှူဒါန်းခဲ့ရသည်။ ဤသို့ပြုခွင့်ရအောင် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊ အဖွဲ့ဝင် သာသနာရေးဝန်ကြီးဌာန၊ ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးမျိုးညွန့် တို့ကလည်း အစစပံ့ပိုးပေးပါသည်။

# အပြစ်တွေ့က ခွင့်လွှတ်စေလို

ကချင်တိုင်းရင်းသားများကို ဗုဒ္ဓတရားတော်အကြောင်း နားလည် သဘောပေါက်အောင် ကချင်ဘာသာပြန် စာအုပ်များက ကျေးဇူး ပြုပါလိမ့်မည်။ ထို့ပြင် ဗုဒ္ဓတရားတော်ကို မကြားဖူးသည့် ကချင်ပရိသတ်အတွက် ကြားဖူးသွားအောင်လည်း စွမ်းဆောင်နိုင်ပါလိမ့်မည်။ ပန်းချီ ရုပ်ပုံ ပါရှိသောကြောင့် စာဖတ်လိုစိတ်ကို ပိုမိုဆွဲဆောင် နေပါသည်။ မျက်စေ့မှုန်သူနှင့် စာမဖတ်နိုင်သူများကို ရုပ်ပုံပြ၍ အကြောင်းအရာ ရှင်းပြနိုင်ခြင်း စသော ကျေးဇူးရှိနေပါသည်။

ဂေါတမမြတ်စွာဘုရားသည် ဗမာလူမျိုးမဟုတ်ပါ။ အိန္ဒိယနှင့် နီပေါနယ်စပ် လုမ္ဗိနီက သကျသာကီမျိုးဖြစ်သည်။ သို့သော် ဗုဒ္ဓစာပေကို မြန်မာဘာသာဖြင့် ထုတ်ဝေသောအခါ မြန်မာပရိသတ် နားလည်စေရန် မြန်မာဝတ်စုံဖြင့် ပန်းချီ ဆွဲကြသည်။ ထို့အတူ ကချင်ဘာသာပြန်စာအုပ် အတွက် ကချင်ဝတ်စုံဖြင့် ပန်းချီဆွဲ၍ ထည့်လိုက်ရပါသည်။ ကချင် လူမျိုးစုများဖြစ်သော ဂျိန်းဖော၊ ခနူး၊ ရဝမ်၊ အဇီး၊ မရူ၊ လရှီ၊ လီဆူ (လီရှော)စသည့် ဝတ်စုံများကို အလျဉ်းသင့်သလို

ထည့်ဆွဲထားပါသည်။ ဤသို့ ဘာသာပြန်ရာ၌ ချွတ်ချော်မှုများ ရှိခဲ့လျှင် ဘာသာပြန်သူ၏ ချွတ်ယွင်း အားနည်းချက်ကြောင့်သာ ဖြစ်ပါကြောင်း ဝန်ခံပါသည်။

## ဘာသာပြန်ဆိုပြီးစာအုပ်များ

(က) ၁၉၉၁-ခုနှစ်တွင် မာဂဓီ၊ သာစည် (ဘဒ္ဒန္တပညာသာမိ)၏ ရှေးဦးသင် ဗုဒ္ဓဘာသာသင်ခန်းစာနှင့် ရဝေထွန်း (ဘဒ္ဒန္တတိလောကသာရ) ၏ ဗုဒ္ဓဝင်အကျဉ်းချုပ်၊

(ခ) ၁၉၉၂-ခုနှစ်တွင် ဆရာမင်းယုဝေ၏ ၃၈-ဖြာမင်္ဂလာ၊

(ဂ) ၁၉၉၃-ခုနှစ်တွင် မောင်အံ့၊ မဟာဝိဇ္ဇာ(ဘုံဘော)၊ (ဦးအံ့မောင်၊ ညွှန်ကြားရေးမှူးချုပ်၊ သာသနာရေးဦးစီးဌာန)၏ ဗုဒ္ဓဘာသာလက်စွဲကျမ်း(ပထမတွဲ)ကို အကျဉ်းချုပ်၍ ဘာသာပြန်ခဲ့ပါသည်။

(ဃ) ယခု ၁၉၉၅-ခုနှစ်တွင် ဓမ္မစေတီဆရာတော် ဦးပညာဝရ၏ ငါးပါးသီလဝတ္ထုကို ဘာသာပြန်ဆိုပါသည်။

# ဘာသာပြန်သူ၏ ဆုတောင်း

ကျွန်ုပ်သည် ကချင်ဘာသာပြန်ပြုစုမှု လုပ်အား လှူဒါန်းရသော ကောင်းမှုကုသိုလ်ကံ စေတနာကြောင့် –

၁။ ဝိပဿနာတရားကို အားထုတ်နိုင်ရပါလို၏။

၂။ ဥာဏ်ဘဝမှာပင် မဂ်ဉာဏ် ဖိုလ်ဉာဏ်ရ၍ နိဗ္ဗာန်ကို မျက်မှောက် ပြုရပါလို၏။

၃။ ဗုဒ္ဓစာပေ ကချင်ဘာသာပြန်စာအုပ် ကချင်အားလုံး လက်တွင်းသို့ ရောက်ပါစေ။

၄။ ကချင်အားလုံးဖတ်မိပါစေ။

၅။ ကချင်အားလုံး ဗုဒ္ဓတရား၏ အဓိပ္ပါယ်ကို သိရှိနားလည် ကြပါစေ။

၆။ သိနားလည်သည့်အတိုင်း လိုက်နာကျင့်သုံး နိုင်ကြပါစေ။

၇။ လိုက်နာကျင့်သုံးသည့်အတိုင်း ကောင်းကျိုး ချမ်းသာကို ရပါစေ။

၈။ ကျွန်ုပ်၏ ဆုတောင်းချက်များ အားလုံး အမြန်ဆုံး ပြည့်ဝ ပါစေ။

မဝေဘာရီ(ဂျိန်းဖောသီလရှင်)
(ဘီအက်စ်၊ အိပ်ချ်–ဂျီ–ပီ။)

# နိဒါန်း

ဤ ငါးပါးသီလသည် လောကုတ္တရာအတွက် မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်၏ အခြေခံတရားတခုဖြစ်သကဲ့သို့ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေးတွင်လည်း အရေးပါသောတရား ဥပဒေသ တခုဖြစ်ပါသည်။ ဤငါးပါးသီလကို အခြေခံဥပဒေအဖြစ် ပြဋ္ဌာန်း၍ တစ်ကမ္ဘာလုံးကို အုပ်ချုပ်ခဲ့ဖူးသော ခေတ်တခေတ် ပင် ရှိခဲ့ဖူးလေသည်။ ထိုခေတ်ကား ကမ္ဘာဦးခေတ် ကဖြစ်သည်။ အုပ်ချုပ်ခဲ့သူမှာ ဘုရားအလောင်းတော် စကြာဝတေးမင်းကြီးဖြစ်ပါသည်။ ထီးနန်းစိုက်သည့် မြို့နေရာကား ဗုဒ္ဓပရိနိဗ္ဗာန်ပြုရာ ကုသိနာရုံတွင် ဖြစ်လေ၏။

ထိုစဉ်က စကြာဝတေးမင်းသည် မိမိ၏သီလတန်ခိုး ပါရမီအကျိုးဆက်ကြောင့် ဆိုက်ရောက်လာသော စကြာ ရတနာယာဉ်ကြီးဖြင့် လေးကျွန်း တစ်မြင့်မိုရ် တစ်ကမ္ဘာလုံးကို တိုင်းခန်းလှည့်လည်တော်မူ၏။ တောင်ကျွန်းမှ အရှေ့ကျွန်း (ကမ္ဘာအရှေ့ခြမ်း)သို့ ရောက်တော်မူသောအခါ အရှေ့တိုင်း

နိုင်ငံ ဘုရင်များက ပြည်သူများနှင့်အတူ ကြည်ညိုလေးစားစွာ ခရီးဦးကြိုဆိုကြသည်။ " အရှင်စကြာဝတေးမင်းကြီး၏ လာခြင်းကား ကောင်းသောလာခြင်း ဖြစ်ပါသည်၊ ဤ အရှေ့ဘိုင်းနိုင်ငံများသည်လည်း အရှင်စကြာဝတေး မင်းကြီး၏ နိုင်ငံများပင်ဖြစ်ပါသည်၊ စီရင်အုပ်ချုပ်တော် မူပါ " ဟု လျှောက်ထားကြလေ၏။

ထိုအခါ စကြာဝတေးမင်းကြီးသည် ဘုရင်နှင့်တကွ ပြည်သူ တစ်ရပ်လုံးအား အခြေခံဥပဒေငါးရပ်ကို ပြဋ္ဌာန်း ပေးတော်မူလိုက်သည်။

၁။ သူ့အသက် မသတ်ရ။
၂။ သူ့ဥစ္စာကို မခိုးရ။
၃။ သူ့သားမယားကို မပြစ်မှားရ။
၄။ မုသားစကားကို မပြောဆိုရ။
၅။ မူးယစ်သေစာကို မသောက်စားရ။

ဤသို့ပြဋ္ဌာန်းပေး၍ အုပ်ချုပ်သူဘုရင်များသည် ကောက်ခံမြဲ အခွန်တော်ကိုသာ ကောက်ခံသုံးစွဲကြရမည်ဟု ခွင့်ပြုတော်မူခဲ့၏။ ထို့အတူ မြောက်ကျွန်းနှင့် အနောက်ကျွန်း နိုင်ငံများသို့လည်း တိုင်းခန်း လှည့်လည်တော်မူ၍ ဤ

ငါးပါးသီလဥပဒေကိုပင် ပြဋ္ဌာန်းပေးတော်မူပါသည်။ ဤသို့ဖြင့် တစ်ကမ္ဘာလုံးကို အုပ်ချုပ်တော်မူခဲ့လေသည်။ ဘုရင်များနှင့်တစ်ကွ ပြည်သူများကလည်း ကြည်ညိုလေးစားသောအားဖြင့် လိုက်နာကျင့်သုံးကြလေရာ ငြိမ်းချမ်းသာယာသော ကမ္ဘာကြီးတစ်ခု ဖြစ်ပေါ်ခဲ့လေ၏။

ထိုငါးပါးသီလမျှဖြင့် ကမ္ဘာကြီးတစ်ခုလုံး ငြိမ်းချမ်းသာယာမှု ရရှိနိုင်သည်ဟု ဆိုခြင်းမှာ သဘာဝကျပါသည်။ အမှန်ပင်ဖြစ်နိုင်ပေ၏။ အစိုးရမင်းများနှင့်တကွ ပြည်သူတစ်ရပ်လုံးက ပါဏာတိပါတကံကို စောင့်ထိန်း ကြည့်ပါ၊ လူ့သတ်ရာဇဝတ်မှုခင်းများ ကျဆင်းသွားနိုင်သည့်အပြင် နိုင်ငံတကာစစ်မီများပင် ငြိမ်းအေးသွားနိုင်ပါသည်။

အဒိန္နာဒါနကံကို စောင့်ထိန်းကြည့်ပါ၊ ခိုးမှု တိုက်မှု လုယက်မှုများနှင့် အလွဲသုံးစားမှုများ ပပျောက်သွားနိုင်ပါသည်။ ကာမေသုမိစ္ဆာစာရကံကို စောင့်ထိမ်းပါ၊ အိမ်ထောင်ရေးလောကတွင် တစ်ဦးနှင့်တစ်ဦး သံသယကင်းစင်ကာ တစ်လင်တစ်မယားစနစ်ကြီး တည်မြဲနိုင်ပါသည်။ ထိုမျှမက ယနေ့နိုင်ငံတကာမှာ ကျရောက်နေသော အေအိုင်ဒီအက်စ် ရောဂါပိုးများပင် ချုပ်ငြိမ်းသွားနိုင်ပါသည်။

မုသာဝါဒကံကို စောင့်ထိမ်းကြည့်ပါ၊ လူသား အချင်းချင်း သံသယ စိတ်တွေရှင်းပြီး ကတိသစ္စာတည်သော အခါကား ညြဇာလေးနက် ပေါ်ဆိုတက်၍ နွယ်မြက်သစ်ပင် ဆေးဖက်ဝင်လာမည်ဖြစ်ပါသည်။ သုရာမေရယကံကို စောင့်ထိမ်းကြမည်ဆိုပါကလည်း ယနေ့ကမ္ဘာ့မိခင်တိုင်း သောကဖြစ်နေကြရသော မူးယစ်ဆေးသုံးစွဲမှုကြီးများ၊ ၎င်းနှင့်ဆက်နွယ်နေသော ရာဇဝတ်မှုခင်းများ ချုပ်ငြိမ်း သွားနိုင်ပါသည်။

သို့ဖြစ်ပါ၍ ဗုဒ္ဓဘုရား၏ ဟောကြားပြချက်များသည် သဘာဝကျသည်ဟု ဆိုခြင်းဖြစ်ပါသည်။ ထို့ကြောင့် ဗုဒ္ဓသည် ဤငါးပါးသီလကို ဘုရားဖြစ်တော်မူခါမှ ဟောကြားခြင်း မဟုတ်ပေ၊ စကြာဝတေးမင်းဖြစ်စဉ် အခါကလည်း **“ ပဥ္စသီလဥပဒေအဖြစ် ”** ဟောကြားတော် မူခဲ့လေသည်။

ဤငါးပါးသီလ ဝတ္ထုစာအုပ်တွင် ငါးပါးသီလခံ ယူဆောက်တည်ပုံ သူများအသက်သတ်သူအတွက် တူသောအကျိုးဆက်များဖြစ်ပေါ်ပုံ၊ မသတ်ရှောင်ကျဉ်သူများ အသက်ရှည်ကြပုံ၊ ခိုးမှု၏ ဆိုးကျိုးနှင့် သမ္မာအာဇီဝ ရှောင်းဝယ်မှု၏ ကောင်းကျိုးများပုံ၊ အပျော်အပါးလိုက်စားသူ

ကိုယ်လူချော၏ နောက်ဘဝအကျိုးဆက် မိန်းမရှာဖြစ်ရပုံ၊ သစ္စာ စောင့်ထိန်းနိုင်သူ၏ သစ္စာစွမ်းအင်ဆေးဖက်ဝင်ပုံ၊ မုသား၏သားကောင်နှင့် ကတိသစ္စာတည်သူ အရှိန်အဝါကြီးမားပုံ၊ သစ်ခွရေမှစ၍ အရက် ဖြစ်ပေါ်လာပုံသမိုင်း၊ ခေတ်လူငယ်ကို အဖေကလိမ္မာအောင် စည်းရုံးယူပုံ များကို သာကေဝတ္ထုများဖြင့် ရေးသား ပြုစုထားပါသည်။

သို့ဖြစ်၍ ဤငါးပါးသီလဝတ္ထုကို လေ့လာကြည့်ရှုလိုက်နာမှုဖြင့် လူသားတိုင်း ကိုယ်ကျင့်သီလမြင့်မား၍ ကောင်းကျိုးချမ်းသာ ရရှိနိုင်ကြ ပါစေဟု ဆန္ဒပြုအပ်ပါသည်။

ဦးပညာဝရ(မေ့္ဘာစရိယ)
ဓမ္မစေတီဆရာတော်

## ငါးပါးသီလ ခံယူဆောက်တည်ပုံ

### (၁) ရှိခိုးဦးချပုံ

ဘုရား, တရား, သံဃာ, အားဖြင့် သုံးပါးသော ရတနာတို့အား ရှိခိုးဦးချသောအခါ "ခြေ၊ လက်၊ နဖူး၊ တတောင်၊ ဒူး၊ ငါးဦးညီညွတ်စေ" ဟူသည့်အတိုင်း ထိခြင်းငါးပါးဖြင့် သုံးကြိမ်သုံးခါ ရှိခိုးဦးချရမည်။

ထိုသို့ရှိခိုးသောအခါ-

| | |
|---|---|
| ဗုဒ္ဓံ ပူဇေမိ | = ဗုဒ္ဓံ၊ မြတ်စွာဘုရားကို၊ ပူဇေမိ၊ ပူဇော်ပါ၏ ဘုရား။ |
| ဓမ္မံ ပူဇေမိ | = ဓမ္မံ၊ တရားတော်မြတ်ကို၊ ပူဇေမိ၊ ပူဇော်ပါ၏ ဘုရား။ |
| သံဃံ ပူဇေမိ | = သံဃံ၊ သံဃာတော်မြတ်ကို၊ ပူဇေမိ၊ ပူဇော်ပါ၏ ဘုရား။ |

သို့ဆို၍ ရှိခိုးဦးချရမည်။

### (၂) ဩကာသကန့်တော့ချိုး

ဩကာသ၊ ဩကာသ၊ ဩကာသ၊ ကာယကံ၊ ဝစီကံ၊ မနောကံတည်းဟူသော သုံးပါးသော ကံတို့တွင်

တစ်ပါးပါးသောကံဖြင့်၊ ပြစ်မှားမိသည်ရှိသော်၊ ထိုအပြစ်တို့ကို ပျောက်ပါစေခြင်းအကျိုးငှာ ပဌမ၊ ဒုတိယ၊ တတိယ တစ်ကြိမ်၊ နှစ်ကြိမ်၊ သုံးကြိမ်မြောက်အောင် ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ ရတနာမြတ်သုံးပါး (မိဘဆရာ) တို့ကို အရိုအသေ အလေးအမြတ်လက်အုပ်မိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ပါ၏ အရှင်ဘုရား။

ကန်တော့ရသော အကျိုးအားကြောင့် အပါယ်လေးပါး၊ ကပ်သုံးပါး၊ ရပ်ပြစ်ရှစ်ပါး၊ ရန်သူမျိုးငါးပါး၊ ဝိပတ္တိတရားလေးပါး၊ ဗျသနတရား ငါးပါးတို့မှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းသည်ဖြစ်၍ မဂ်တရား၊ ဖိုလ်တရား၊ နိဗ္ဗာန်တရားတော်မြတ်ကို ရပါလို၏ အရှင်ဘုရား။

သီလပေးသူက ဆုပေးသောအခါ "ပေးသောဆုနှင့် ပြည့်စုံရပါလို၏" ဟုဆိုရပါမည်။

## (၃) သရဏဂုံသီလတောင်းခံပုံ

အဟံဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

**ဒုတိယမ္ပိ** အဟံဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

**တတိယမ္ပိ** အဟံဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

သီလပေးသူက " ယမဟံ ဝဒါမိ၊ တံ ဝဒေထ" ဟု ဆိုသောအခါ "အာမဘန္တေပါဘုရား"ဟု ဆိုရမည်။

## (၄) ဘုရားရှိခိုးပုံ

နမော တဿဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ။
နမော တဿဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ။
နမော တဿဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ။

## (၅) သရဏဂုံ ဆောက်တည်ပုံ

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဓမ္မံ သရဏံ ဂစ္ဆာမိ။
သံဃံ သရဏံ ဂစ္ဆာမိ။
ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ။
ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။

တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ။
တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။

သီလပေးသူက " တိသရဏဂမနံ ပရိပုဏ္ဏံ " ဟု ဆိုသောအခါ"အာမဘန္တေ ပါဘုရား"ဟု ဆိုရပါမည်။

## (၆) ငါးပါးသီလသိက္ခာပုဒ် ခံယူဆောက်တည်ပုံ။

၁။ ပါဏာတိပါတာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။
၂။ အဒိန္နာဒါနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။
၃။ ကာမေသုမိစ္ဆာစာရာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။
၄။ မုသာဝါဒါ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။
၅။ သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

သီလပေးသူက " တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ သာဓုကံ ကတွာ အပ္ပမာဒေန သမ္ပာဒေထ " ဟု ဆိုသောအခါ " အာမဘန္တေ ပါအရှင်ဘုရား " ဟု ဆိုရပါမည်။

ထို့နောက် သီလယူသူတို့က " ဗုဒ္ဓံ ပူဇေမိ၊ ဓမ္မံ ပူဇေမိ၊ သံဃံ ပူဇေမိ " ဟု ဆို၍ ထိခြင်းငါးပါးဖြင့် သုံးကြိမ်သုံးခါ ရှိခိုးဦးချရမည်။

**ငါးပါးသီလဆောက်တည်ပုံ ပြီး၏။**

---

# စကားလုံးနှင့် အဓိပ္ပာယ်

ဩကာသဆိုသော စကားလုံးသည် “ ရှိခိုးကန်တော့ပါရစေ၊ အခွင့်ပြုတော်မူပါ၊ အခွင့်ပေးတော်မူပါ ” ဟု ကန်တော့ခွင့်တောင်းသော စကားလုံးဖြစ်သည်။ ကိုယ်ဖြင့်ပြုလုပ်မှုကို ကာယကံ၊ နှုတ်ဖြင့် ပြောဆိုမှုကို ဝစီကံ၊ စိတ်ဖြင့် ကြံစည်မှုကို မနောကံဟု ခေါ်ပါသည်။ ထိုကံသုံးပါးတို့တွင် တစ်ပါးပါးဖြင့် တစ်ကြိမ်တစ်ခါက ပြစ်မှားမိခဲ့ပါလျှင် ထိုကံအပြစ်များ ကင်းရှင်းပပျောက် ပါစေခြင်းအကျိုးငှာ ကန်တော့ခြင်း ဖြစ်ပါသည်။ အလေးအမြတ်ထားသောအားဖြင့် သုံးကြိမ်သုံးခါဆိုခြင်း ဖြစ်လေ၏။ ရတနာသုံးပါးနှင့် စပ်လျှင် မာန်မာန လျှော့ချ၍ ကန်တော့ရပါမည်။

ထိုသို့ကန်တော့လျှင် ရတနာသုံးပါးနှင့် ဆရာမိဘအပေါ် ပြစ်မှားမိခဲ့သော အပြစ်များပပျောက်နိုင်ပါသည်။ မိတ်ဆွေတစ်ဦးအပေါ် မိမိက ပြစ်မှားထားသော အပြစ်များကို ထိုမိတ်ဆွေထံ ကန်တော့တောင်းပန်လိုက်လျှင် ပြေငြိမ်းပပျောက်သွားသကဲ့သို့ ဖြစ်သည်။

သူ့အသက်သတ်ခြင်း၊ ခိုးခြင်း၊ ကာမဂုဏ်၌ မှားယွင်းဖောက်ပြန်ခြင်း၊ မုသားပြောခြင်းစသော အပြစ်များကား ရှောင်ကြဉ်မှသာ ကုသိုလ်အားများလာသဖြင့် အကုသိုလ်တရား နည်းပါးချုပ်ငြိမ်းသွားနိုင်ပါသည်။

ကုသိုလ်ကောင်းမှု များများပြုခွင့်မရသော ဘုံဘဝများကို အပါယ်ဟု ခေါ်ပါသည်။ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်တို့ ဖြစ်၏။ ကပ်သုံးပါးဆိုသည်မှာ လက်နက်ဖြင့် သတ်ဖြတ်ခံနေရမှု၊ ရောဂါကျရောက်နေရမှု၊ ငတ်မွတ်ခေါင်းပါးမှုများကြောင့် ပျက်စီးရခြင်း ဘေးကို ကပ်သုံးပါးဟု ခေါ်ပါသည်။

ရပ်ပြစ်ရှစ်ပါးကား - အပြစ်ရှိသောအရပ်၊ မကောင်းသော အရပ်များကို ဆိုလိုပါသည်။ ရေ, မီး, ခိုးသူ, အမွေခံဆိုးနှင့် မင်းတို့၏ ရန်ကို ရန်သူမျိုးငါးပါးဟု ဆိုပါသည်။

ဖောက်ပြန်ချွတ်ယွင်းချက်ကို ဝိပတ္တိဟု ခေါ်ပါသည်။ ဆွေမျိုး၊ စည်းစိမ်စသော ပျက်စီးမှုများကို ဗျသနတရားဟု ခေါ်၏။ ရှိခိုးကန်တော့လိုက်ရသော ကုသိုလ်ကံ စေတနာ၏ အကျိုးအားကြောင့် ထိုဘေးရန် အမျိုးမျိုးမှ ကင်းလွတ်ရပါလို၏ဟု ဆုတောင်းခြင်းတည်း။

## သီလတောင်းပုံ၏ အဓိပ္ပာယ်

အရှင်ဘုရား တပည့်တော်သည် သရဏဂုံသုံးပါး နှင့်တကွ ငါးပါးသီလကို တောင်းခံပါ၏၊ ချီးမြှောက်သော အားဖြင့် တပည့်တော်အား ငါးပါးသီလ ပေးတော်မူပါဟု ဆိုခြင်း ဖြစ်ပါသည်။ အလေးထားသောအားဖြင့် သုံးကြိမ် တိုင်တိုင် တောင်းဆိုကြ၏။

### နမော တဿ

ပူဇော်အထူးကို ခံယူတော်မူထိုက်သော အလုံးစုံသော တရားတို့ကို မဖောက်မပြန် ကိုယ်တော်တိုင်သိတော်မူသော ထိုမြတ်စွာဘုရားအား ရှိခိုးပါ၏” ဟု သိက္ခာပုဒ် မဆောက်တည်ခင် ဘုရားရှိခိုးခြင်းဖြစ်ပါသည်။

### သရဏဂုံ

မြတ်စွာဘုရားကို ကိုးကွယ် အားထားရာအဖြစ် ဆီးကပ်ပါ၏။ တရားတော်မြတ်ကို ကိုးကွယ် အားထားရာ အဖြစ် ဆီးကပ်ပါ၏။ အရိယာ သံဃာတော်ကို ကိုးကွယ် အားထားရာအဖြစ် ဆည်းကပ်ပါ၏ဟု စိတ်ပါလက်ပါ ယုံကြည်အားကိုးစွာဖြင့် ရွတ်ဆိုဆောက်တည်ခြင်းကို သရဏဂုံ ဆောက်တည်သည်ဟု ဆိုရပါသည်။

## ငါးပါးသီလသိက္ခာပုဒ်

၁။ သက်ရှိသတ္တဝါ၊ မသတ်ပါ၊ သိက္ခာကျင့်ပါမည်။
၂။ သူများဥစ္စာ၊ မခိုးပါ၊ သိက္ခာကျင့်ပါမည်။
၃။ ကာမမိစ္ဆာ၊ မမှားပါ၊ သိက္ခာကျင့်ပါမည်။
၄။ မုသားလိမ်ညာ၊ မပြောပါ၊ သိက္ခာကျင့်ပါမည်။
၅။ မူးယစ်သေစာ၊ မသုံးပါ၊ သိက္ခာကျင့်ပါမည်။

## သီလကဗျာ

သီလဆိုတာ ကိုယ်နှုတ်များကို၊ ကောင်းစွာထားဖို့ စောင့်ရသလေ။ ကိုယ်နှုတ်လုံယင် လူယဉ်ကျေးကွယ်၊ ကောင်းကျိုးပေးမြဲ အမှန်ပေ။ စိတ်ပါလုံယင် ပိုလို့ ကောင်းသကွယ့်၊ ကောင်းသထက် ကောင်းအောင် ကြိုးစားလေ။ စိတ်ပါလုံအောင် ဘာဝနာပွားဖို့၊ မြတ်ဘုရားက မိန့်ခဲ့ပေ။ ကိုယ်နှုတ်စိတ်ထား၊ ဤသုံးပါ၊ လုံခြားချမ်းသာပေ။

( ချမ်းမြေ့ )

## ပါဏာတိပါတကံ

လူနှင့်တကွ သက်ရှိသတ္တဝါအားလုံး၏ အသက်ကို သေစေလိုသော စိတ်စေတနာဖြင့် သေအောင်ပြုလုပ်ခြင်းသည် ပါဏာတိပါတကံ မည်၏။

ထိုကံထိုက်သူများသည် –

၁။ ဖြစ်လေရာဘဝဌ် ခြေလက်အင်္ဂါ ချို့ယွင်းတတ်ခြင်း။

၂။ သူများအသတ်ခံရခြင်း။

၃။ ရောဂါဝေဒနာများတတ်ခြင်း။

၄။ အသက်တိုတတ်ခြင်း။

၅။ အပါယ်ငရဲကျတတ်ခြင်း စသော မကောင်းသော အကျိုးဆက်များ ခံရတတ်ပါသည်။

• • • • • • • • •

# ၁။(က) တူသောအကျိုး ငှက်မုဆိုး

သာဝတ္ထိပြည် ဇေတဝန်ကျောင်းဝင်း၏ အစွန်ကျသော ကျောင်းတစ်ကျောင်း၌၊ ရဟန်းတော် တစ်ပါးသည်၊ ညောင်စောင်းပေါ်တွင် လူးလိမ့်ကာ ရောဂါဝေဒနာ အပြင်းအထန် ခံစားနေရ၏။ ရဟန်း၏ ခန္ဓာကိုယ်တွင် ဆီးသီးခန့်၊ ဆီးဖြူသီးခန့် ဥသျှစ်သီးခန့် ပမာဏရှိသော အနာလုံးကြီးများသည် သွေးတစိုစို၊ ပြည်တရွဲရွဲဖြင့် တကိုယ်လုံး အပ်ချစရာ မကျန်အောင် အနံ့အပြား ပေါက်လျက်ရှိ၏။ ရဟန်းတော်၏ တစ်ကိုယ်လုံးကား ပုပ်စော်နံနေ၏။ ပြုစုမည့်သူလည်း တစ်ဦးမျှမရှိပေ။

လောကသုံးပါး၏ အားထားကိုးကွယ်ရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် အနီးရှိ မီးတင်းကုတ်အတွင်း၌ ရေနွေးအိုးတစ်အိုးကို တည်ကာ ဂိလာနရဟန်း ရှိရာသို့ ကြွတော်မူလာ၏။ ထိုအခါမှ အခြားရဟန်းများ ဝိုင်းအုံလာကြပြီးလျှင် ဂိလာန ရဟန်း၏ကိုယ်မှ သင်္ကန်းတို့ကို လျှော်ဖွတ်လဲလှယ်ပေးခြင်း၊ အနာလုံးကြီးများကို ဖန်ရည်ဖြင့် ဆေးကြောပေးခြင်း၊ ဆေးထည့်ပေးခြင်းစသော သူနာပြု လုပ်ငန်းများကို လုပ်ဆောင်ပေးတော့သည်။

ထိုအခါမှ ဂိလာန ရဟန်းသည် သက်သာရာရကာ ငြိမ်သက်သော စိတ်ဖြင့် မှိန်းနေလေသည်။

ဤရဟန်း ဘာကြောင့်များ ဤမျှဆိုးဝါးသော ရောဂါဝေဒနာဆိုး ဆင်းရဲကို ခံစားရသနည်း။ အကြောင်း ရှိပါသည်။ လောကဥ္စအကြောင်း မရှိပဲ ဘယ်အရာမျှ မဖြစ်ပေါ်ပေ။ ဤရဟန်းသည် တစ်ခုသောဘဝက ငှက်မုဆိုးဖြစ်ခဲ့ဖူးပါသည်။ သားငှက်မျိုးစုံကို ဖမ်းဆီး သတ်ဖြတ်၍ ဘုရင့်ပွဲတော်စာအဖြစ်ဆက်သရ၏။ ကျန်သော ငှက်တို့ကိုရောင်း၏။ ယနေ့ရောင်းမကုန်သော ငှက်တို့ကို မပျံသွားနိုင်အောင် တောင်ပံနှင့် ခြေထောက်တို့ကို ရက်ရက်စက်စက် ချိုးထား၏။

တစ်ချို့ငှက်တို့ကို နောက်တစ်နေ့တွင် သတ်၍ ရောင်း၏။ တစ်ချို့ကိုမူ နှစ်ရက်–သုံးရက်လွန်မှသတ်၍ ရောင်း၏။ ဤနည်းဖြင့်ငှက်များမှာ မချိမဆန့် ဆင်းရဲဒုက္ခ ဝေဒနာကို အချိန်ကြာကြာခံစားရပြီးမှ အသတ်ခံကြရ၏။ ထိုမကောင်းမှု ပါဏာတိပါတကံတည်းဟူသောအကြောင်း၏ တူညီသော အကျိုးဆက်ကို ယခုဘဝ၌ ဤရဟန်း ခံစားနေရခြင်း ဖြစ်သည်။

ဘုရားရှင်က တရားဓမ္မဟောပြသောအခါ ထိုဂိလာန ရဟန်းသည် သစ္စာလေးပါး အမှန်တရားကို သိမြင်ပြီး ပျံလွန်တော်မူ(သေ)သွားရှာ၏။

သတ္တဝါကို ညှင်းဆဲသတ်ဖြတ်မှု အကုသိုလ်ကံ၏ အကျိုးကား ကြောက်ဖွယ်ကောင်းလှ၏။ သူတစ်ပါး၏ အသက်ကိုသေအောင် ပြုလုပ်လျှင် မိမိလည်းအသက်တို ရခြင်း၊ ရောဂါများရခြင်း အကျိုးများကို ရရှိလာသည်။ အချဉ်ပင်စိုက်သူ အချဉ်သီးစားရသကဲ့သို့ ဖြစ်လေသည်။

သက်ရှိသတ္တဝါ၊ မသတ်ပါ၊ သိက္ခာကျင့်ပါမည်။

• • • • • • • • •

# ၁။ (ခ) ဓမ္မပါလ ဖိုးသက်ရှည်တို့ရွာ

ရှေးအခါက ဗြဟ္မဒတ်မင်း စိုးစံသော ဗာရာဏသီ ပြည်တွင် ဓမ္မပါလမည်သော ရွာကြီးတစ်ရွာရှိ၏၊ ရွာသူ ရွာသားများသည် ပါဏာတိပါတ စသော မကောင်းမှု တရားများကို ရှောင်ကျဉ်ကြသည်။ ဘုရားအလောင်း တော်သည် ထိုရွာမှ မဟာဓမ္မပါလဆိုသူ ရွာသူကြီး၏သား ဖြစ်လာ၏။ ဓမ္မပါလသတို့သားဟု ခေါ်တွင်လေသည်။

ဓမ္မပါလ သတို့သားသည် အရွယ်ရောက်ချိန်၌ တက္ကသိုလ်ပြည်မှ ဒိသာပါမောက္ခ ဆရာကြီးထံ သွားရောက်၍ ပညာသင်ယူလေ၏။ တပည့်ကျောင်းသား ငါးရာတို့တွင် ကျောင်းသားခေါင်းဆောင်ဖြစ်လာသည်။

တစ်နေ့တွင် ပါမောက္ခဆရာကြီး၏ သားကြီး တစ်ယောက် ရုတ်တရက် သေဆုံးသွားရာ မိဘဆွေမျိုးများနှင့် တပည့်ကျောင်းသားများပါ ငိုကြွေးမဆုံးရှိကြလေသည်။ သို့ရာတွင် ဓမ္မပါလသည် ငိုမျက်ရည် တစ်ပေါက်မျှပင် ကျခြင်းမရှိချေ။ သူသည် ပါမောက္ခကြီး၏သား အသက် မကြီးပဲသေရခြင်းနှင့် ပတ်သက်၍ အံ့သြနေသည်။ ဘဝင်မကျ

ဖြစ်နေ၏။ ငယ်ငယ်ရွယ်ရွယ်နှင့် အဘယ်ကြောင့် သေဆုံးရ သနည်း၊ ငယ်ရွယ်စဉ်မှာ သေဆုံးရခြင်းသည် သဘာဝ မကျပါဘူး” ဟု ပြောဆိုနေမိသည်။

ထိုစကားကိုကြားရသော အခြားတပည့်ကျောင်းသား များက သူ့ကိုဘာမျှ နားမလည်သည့် လူတစ်ယောက်အဖြစ် ဝေဖန်ကြတော့၏။ ပါမောက္ခဆရာကြီးက ခေါ်ယူမေးမြန်း ကြည့်ရာ ဓမ္မပါလက “ ကျွန်တော်တို့ရွာမှာ သေချင်း သဘောသည် ငယ်ရွယ်သူတို့၌ ကျရောက်လေ့မရှိ၊ ငယ်ငယ် ရွယ်ရွယ်ဖြင့် သေတာမရှိ ” ဟု ပြန်ပြောလိုက်၏။

ပါမောက္ခဆရာကြီးသည် ဓမ္မပါလပြောစကားသည် စဉ်းစားစရာတစ်ခုဖြစ်၏၊ လက်တွေ့လေ့လာစုံစမ်းရန် ဆိတ် ရိုးတစ်ခုကိုလွယ်အိတ်ထဲ ထည့်လွယ်၍ တက္ကသိုလ်ပြည်မှ ထွက်လာခဲ့သည်။ ဓမ္မပါလရွာသို့ရောက်သွား၏။ ရွာသူကြီး မဟာဓမ္မပါလနှင့် တွေ့သောအခါ “တက္ကသိုလ်ပြည်မှာ ပညာသင်နေသောသင့်သား ဓမ္မပါလကွယ်လွန်သွားခဲ့ပြီ။ ဒါကြောင့် သတင်းလာပို့တာပါ” ဟု ပြောကြားလိုက်သည်။

ဓမ္မပါလမိသားစုက “ မဖြစ်နိုင်တာ ဆရာကြီးရယ်၊ ငါ့သားဓမ္မပါလ မသေပါဘူး သေသူမှာ အခြားသူ တယောက်သာဖြစ်ပါလိမ့်မယ်” ဟု ပြောကြသည်။

ထိုအခါ ပါမောက္ခဆရာကြီးသည် အသင့်ယူဆောင်လာသော အရိုးကို ထုတ်ပြလိုက်သည်။ " ဤအရိုးများသည် ခွေး၊ ဆိတ်တို့၏ အရိုးများသာ ဖြစ်ပါလိမ့်မယ်။ ဆရာကြီး မဟုတ်တာကို မပြောပါနှင့်" ဟု ဆိုကာ ဓမ္မပါလ မိသားစုက ပယ်ချလိုက်ပြန်သည်။

သည်အခါတွင်မှ ပါမောက္ခဆရာကြီးသည် အလွန်တရာအံ့ဩမှုဖြစ်သွားကာ "သင်တို့ရွာတည်းမှာ ငယ်ရွယ်သူများ အဘယ်ကြောင့် မသေရတာလဲ" ဟု မေးမြန်းကြည့်သည်။

ထိုအခါ မဟာဓမ္မပါလရွာသူကြီးက " ဆရာ၊ ငါတို့မျိုးနွယ်၊ ငါတို့ရွာသားတွေဟာ ပေးကမ်းစွန့်ကြဲခြင်း ဒါန၊ သူ့အသက်သတ်ခြင်း စသည်မှ ရှောင်ကြဉ်သော သီလတရားများကို ခါးဝတ်မှဆိုးကဲ့သို့ မြဲမြံစွာ ကျင့်သုံးကြပါတယ်" ဟု ဆိုကာ အသက်ရှည်ခြင်း အကြောင်းတရားများကို ပြောပြလေသည်။

သည်တော့မှ ဆရာကြီးသည် သင့်သား ဓမ္မပါလ၏ ပြောစကားမှန်မမှန်ကို သိလို၍ စုံစမ်းရန် လာခဲ့ခြင်းသာ ဖြစ်ကြောင်း ပြောဆိုပြီး အသက်ရှည်ကြောင်းတရားများကို ပေစာ၌ရေးမှတ်ယူ၏။ ၃-ရက်ခန့် နေပြီးနောက် ပြန်သွားလေသည်။

သူတစ်ပါးကို အသက်တိုအောင် မပြုလုပ်ပဲ ရှောင်ကြဉ်ခြင်းကြောင့် တူသောအကျိုးဆက်အဖြစ် အသက်ရှည်ရခြင်း ဖြစ်ပါသည်၊ အချိုပင်စိုက်သူ အချိုသီးကို စားကြရလေသည်။

**ပါဏာတိပါတာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။**

• • • • • • • • • •

# အဒိန္နာဒါနကံ

ပိုင်ရှင်က ကြည်ဖြူစွာ မပေးသောပစ္စည်းကို ခိုးယူခြင်း၊ တိုက်ယူခြင်း၊ လှည့်ပတ်လိမ်ညာ၍ မမှန်မကန် ပြုလုပ်ယူခြင်းများသည် အဒိန္နာဒါနကံ မည်၏။

ယင်းသို့ မတရားယူသူသည် --

၁။ အပယ်ငရဲသို့ [illegible]ရောက်တတ်ခြင်း၊

၂။ ဥစ္စာပစ္စည်း ရရ်မအောင်မရှာနိုင်ခြင်း၊

၃။ ရှိသမျှပစ္စည်း[illegible]လည်း ရေ-မီး-မင်း-သူခိုး-အမွေခံ သားသမီးဆိုးတို့၏ ဖျက်စီးမှုကြောင့် ပျက်စီးတတ်ခြင်း၊

၄။ ဆင်းရဲ မွဲတေတတ်ခြင်း၊

၅။ ငတ်မွတ်ခေါင်းပါးတတ်ခြင်း စသော ဆိုးကျိုးများကို ရတတ်ခြင်း။

• • • • • •

# ၂။ (က) မသားမိုက်နှင့် လင်သူခိုး

ရှေးအခါက ဗာရာဏသီပြည်သူပြည်သားတို့သည် တန်ဆောင်မုန်းလပြည့်ညများတွင် ပွဲလမ်းသဘင်များ ကျင်းပလေ့ရှိကြသည်၊ ထိုပွဲတွင် ပါဝင်ဆင်နွှဲလိုသော ဇနီးမောင်နှံ နှစ်ယောက်ရှိ၏။ ဇနီးဖြစ်သူသည် အိမ်တွင် ရှိသော အဝတ်အစားများဖြင့် ထိုပွဲသို့ သွားလိုစိတ် မရှိချေ။ အကောင်းဆုံး၊ အလှပဆုံး ဝတ်ကောင်းစားလှများ ဝတ်ဆင်ကာ ဇနီးမောင်နှံ ရွှေလည်တွဲ၍ နွှဲချင်သည်။

ဇနီးဖြစ်သူက အဆင်ဆန်း အဝတ်လှလှလေးကိုမှ မရလျှင် ပွဲသဘင်သို့ မလိုက်ချင်ဟုဆိုလာသည်။ ခင်ပွန်းခမျာ ချစ်၍ မနေသာတော့သဖြင့် ဘုရင့်ကုန်တိုက်သို့ ညလူချေ တိတ်ဆိတ်ချိန်တွင် ဖောက်ထွင်းခိုးရလေ၏။ ညတွင်းချင်းပင် အဖမ်းခံလိုက်ရသည်။

ထိုခိုးသူကို ရိုက်နှိုက်ချုပ်နှောင်၍ ဘုရင်ထံ တင်သွင်းကြရာ ဘုရင်က လက်ဝါးကပ်တိုင်တွင် တံကျင်လျှို၍ သတ်ရန် အမိန့်ချလိုက်သည်။

ထို့ကြောင့် သူ့ကို သုသာန်တွင် တံကျင်လျှို၍ ထားရာ–ကျီးတို့သည် ထိုသူခိုး၏ ခေါင်းပေါ်မှနား၍ သူ့မျက်လုံးတို့ကို နှုတ်သီးတို့ဖြင့် ထိုးဖောက်စားကြသည်။

သို့တိုင်အောင် သူခိုးဓဗျာ သူ့ကိုယ်ခန္ဓာမှ ဝေဒနာကို သတိမရနိုင်ပါ။ အိမ်မှာသူ့ကို စောင့်မျှော်နေရှာမည့် ချစ်ဇနီးထံသို့သာ သတိရနေသည်။ ချစ်ဇနီးလှလှလေးနှင့် ရွှေလည်တွဲ၍ ပွဲသဘင်ကြည့်ခွင့် မကြုံရလေခြင်းဟု ယူကျုံးမရ ဖြစ်နေမိသည်။ သူသည် ထိုနေရာမှာပင် သေဆုံးသွားခဲ့ရာ ငရဲသို့ ရောက်ရလေသည်။

သမ္မာအာဇီဝ တရားမျှစွာ လုပ်ကိုင်စားသောက်ခြင်းသည်သာ လောကသံသရာအကောင်းဆုံး ဖြစ်ပါသည်။

**(သူတစ်ပါးဥစ္စာ၊ မနိုးပါ၊ သိက္ခာကျင့်ပါမည်။)**

● ● ● ● ● ● ● ● ●

## ၂၉ (စ) မှန်မှန်ကန်ကန် ဈေးရောင်းဝယ်သူ

တစ်ခုသော ကမ္ဘာ၌ ဘုရားအလောင်းတော်သည် သေရိဝကိုင်းတွင် ရွှဲကုန်သည်တစ်ဦး ဖြစ်ခဲ့လေသည်။ သူ့တွင် လောဘကြီးသော အဖော်ရွှဲကုန်သည် တစ်ယောက်လည်းရှိသေးသည်။ သူတို့နှစ်ယောက်သည် “နီလဝါမြစ်” တစ်ဖက်ကမ်းရှိ “အရိဋ္ဌပုရ” မြို့တွင် ရွှဲများရောင်းချလေ့ရှိကြသည်။ သူ့ရပ်ကွက်၊ ကိုယ့်ရပ်ကွက်၊ သူရောင်းရမည့်လမ်း၊ ကိုယ်ရောင်းရမည့် လမ်းဟူ၍ ဈေးကွက်ကို ခွဲခြားထားကာ ရောင်းကြသည်။ တစ်ဦး ဈေးကွက်တွင် တစ်ဦးက အလျင်ဦးနှာ ဝင်မရောင်းရ၊ ဈေးကွက်ပိုင်သူ ရောင်းချပြီးနောက်မှသာ ဝင်ရောင်းနိုင်သည်။

ထိုမြို့တွင် အထည်ကြီးပျက် မိဘ, ဘိုးဘွား လက်ထက်က ချမ်းသာပြီး၊ သားမြေးလက်ထက်တွင် မွဲနေကြသူ မြေးဘွားနှစ်ယောက်ရှိသည်။ သူတို့တွင် ရွှေခွက်ဟောင်းကြီး တစ်ခုကျန်ရှိနေခဲ့သည်။ မည်းညစ်ပေ နေ၏။

တစ်နေ့တွင် မြေးမငယ်သည် လောဘသား ရွှဲကုန်သည်ထံမှ ရွှဲတစ်လုံးကိုဝယ်ရာ ပိုက်ဆံမရှိသဖြင့် ထိုခွက်ဟောင်းကြီးနှင့် လဲလှယ်လေသည်။ လောဘသား ရွှဲကုန်သည်သည် ခွက်ဟောင်းကြီး၏ဖင်ကို အပ်ဖျားဖြင့် ခြစ်ကြည့်လိုက်သည်။ ရွှေခွက်ဖြစ်ကြောင်း သိသွားသော အခါ မတရားယူချင်စိတ် ဖြစ်သွား၏။

သူသည်မျက်နှာခပ်တည်တည်ဖြင့် "ဒီခွက်စုတ်ကြီးက ဘာမှ အသုံးမဝင်ဘူး"ဟု ဆိုကာ ခွက်ကိုလွှင့်ပစ်ပြီး ထွက်သွားလေသည်။ ဈေးနှိမ်ပြီး လိမ်ယူရန်အကွက် ဆင်လိုက်ခြင်းဖြစ်သည်။

ထိုသူရှောင်းချထားသော လမ်းသို့ ဘုရားအလောင်း ရွှဲကုန်သည် ဝင်လာသောအခါ မြေးမလေးသည် ထိုခွက် ဟောင်းကြီးဖြင့်ပင် ရလိုရငြား ရွှဲဝယ်လိုက်ပြန်သည်။ ဘုရားလောင်းသည် ရွှေခွက်ဖြစ်နေကြောင်းသိ၍ "နှမလေး ဒီခွက်သည် ရွှေခွက်ဖြစ်တယ်၊ အဖိုးတစ်သိန်း တန်ပါတယ်၊ ကျနော်ဆီမှာ တစ်သိန်းတန်ရွှဲများ မပါပါ"ဟု ပြောပြ၏။

ထိုအခါ မြေးအဘွားနှစ်ယောက်ကလည်း "ရွှေခွက် ဖြစ်ပါစေ၊ ရွှဲတစ်လုံးမျှ ရယင် ကျေနပ်ပါပြီ "ဟုဆိုကြသည်။

သို့ဖြင့် ဘုရားအလောင်း ရွှဲကုန်သည်သည် ပါလာသည့် ငွေငါးရာနှင့် လက်ကျန်ရွှဲများကို ပေးခဲ့ပြီး ရွှေခွက်ကို ယူလာခဲ့လေသည်။

လောဘသားရွှဲကုန်သည် ပြန်ရောက်လာသောအခါ "ဟော့ ကလေးမ- စောစောက ခွက်စုတ်ကို ယူခဲ့၊ ရွှဲတစ်လုံးတော့ပေးခဲ့မယ် " ဟု သနားသည့် အမူအရာဖြင့် ပြောဆိုလေသည်။

မြေးအဘွားနှစ်ယောက်က ရွှေခွက်ကို အခြား တစ်ဦးအားရောင်းလိုက်ပြီဖြစ်ကြောင်း ပြောပြ လိုက်သည်။ လောဘသား ရွှဲကုန်သည်သည် " အလကားရမည့် တစ်သိန်းတန် ရွှေခွက်ကြီးနှင့် လွဲရလေပြီ" ဟု သတိမေ့မြော သွား၏။ သတိပြန်ရလာသောအခါ ပါလာသည့်ငွေနှင့် ရွှဲများကို အိမ်ရှေ့တွင် လွှင့်ပြစ်ထားခဲ့ပြီး၊ ဘုရားအလောင်းကို ရိုက်သတ်၍ ရွှေခွက်ကိုလုယူရန် ဒုတ်ကိုကိုင်ကာ အပြေး လိုက်သွားလေသည်။

သို့ရာတွင် သူမြစ်ဆိပ်ရောက်ချိန်၌ ဘုရားအလောင်း ကုန်သည်သည် မြစ်လယ်သို့ ရောက်နေလေပြီ ရွှေခွက်တော့ လက်လွတ်သွားပြီး ဆုံးပါပြီဟု သိလိုက်သည့်ခဏတွင် သွေးအန်၍ သေဆုံးသွားလေ၏။

သူတစ်ပါးပစ္စည်းကို တရားသဖြင့် ရယူသောသူသည် တစ်သိန်းတန် ရွှေခွက်ကြီးကို ရရှိသွားပါသည်။

**အဒိန္နာဒါနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။**

• • • • • • • • •

# ကာမေသုမိစ္ဆာစာရကံ

ယောကျ်ားများသည် မိမိ၏ဇနီးမှတစ်ပါး အခြားသော ပိုင်ဆိုင်သူ အုပ်ထိမ်းသူရှိသော မိန်းမတို့နှင့် ကာမဆက်ဆံ လျှင်လည်းကောင်း၊ မိန်းမများသည် မိမိ၏ ခင်ပွန်းသည်မှ တစ်ပါး အခြားယောကျ်ားတို့နှင့် ကာမဆက်ဆံလျှင် လည်းကောင်း ကာမဂုဏ်တို့၌ မှားယွင်းစွာကျင့်ခြင်း၊ ကာမေသုမိစ္ဆာစာရကံ မည်၏။

ကာမေသုမိစ္ဆာစာရကံကျူးလွန်သူတို့သည် –

၁။ အပါယ်ငရဲကျရောက်ခြင်း။

၂။ လူမှန်းများရုံမက၊ ရန်သူများခြင်း။

၃။ စိုးရိမ်ကြောင့်ကြများရခြင်း။

၄။ ချစ်သူနှင့်ကွဲရခြင်း။

၅။ နပုံးပဏ္ဍုက်(မိန်းမလျာ)ဖြစ်ရခြင်း။

စသော ဆိုးကျိုးဆက်များကို ခံစားရ၏။

## ၃။ (က) သူတစ်ပါးသားမယား ပြစ်မှားသူ

ရှေးသရောအခါက ဇရကစ္ဆမြို့တွင် ရွှေပန်းတိမ်လုပ်ငန်းဖြင့် ချမ်းသာကြွယ်ဝနေသူ လုလင်တစ်ယောက်ရှိ၏။ ပန်းတိမ်ဆရာလေးသည် ပစ္စည်းလည်းကြွယ်ဝ၊ အရွယ်လည်းကောင်း၊ ရုပ်ရေကလည်း ချောသဖြင့်၊ စန်းပွင့်လှသည်။ အပျော်အပါးလည်း များလှသူဖြစ်သည်။ ကာမပိုင်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ရုပ်ရည်ချောမောသူ အမျိုးသမီးမှန်သမျှ ပန်းတိမ်ဆရာလေးနှင့် လှုတ်ကင်းသူ ရှားလှသည်။

ထိုပန်းတိမ်ဆရာလေး ကွယ်လွန်သောအခါ၊ ထိုမိစ္ဆာစာရကံကြောင့် ငရဲ၌ကျရောက်ရ၏။ ယခုခေတ်တွင် အေအိုင်ဒီအက်စ် ရောဂါကူးစက်၍ မသေခင်ကပင် ငရဲသဖွယ်ခံစားရတတ်သည်။

ငရဲတွင်တစ်သက်လုံးခံ၍၊ ငရဲမှလွတ်ပြန်သောအခါ မျောက်ဘဝ၌ ဖြစ်ရပြန်၏။ မျောက်ကလေး(၇)ရက်သား

ရှိသောအခါ သင်းအုပ်မျောက်ထီးကြီးက ဖေ့းစေ့ကို ကိုက်ထုတ်ကာ သင်းကွပ်ပစ်လိုက်၏။ နေရာလုမှာ စိုး၍ ဖြစ်သည်။

မျောက်ဘဝမှ သေလွန်သောအခါ၊ ဆိတ်ဘဝ၌ ဖြစ်ရပြန်၏။ ဆိတ်ဘဝ၌လည်း သင်းကွပ်ခံရပြန်၏။ နောက်ဘဝတွင်မူ နွားဖြစ်ရ၍ တစ်နှစ်သားအရွယ်တွင် သင်းကွပ်ခံရပြန်၏။ မျက်စိကန်းရ၏။ မျက်စိကန်း နေသော်လည်း၊ တစ်သက်လုံးထွန်ဆွဲရ၊ လှည်းရုန်းရ၏။

နောက်ဘဝတွင်မူ ကျွန်မ၏သား ဖြစ်ရ၏။ သားဆိုသော်လည်း ယောကျ်ားစင်စစ်မဟုတ်၊ နပုံးပဏ္ဍုက် (မိန်းမရှာ)သာ ဖြစ်၏။ အသက်သုံးဆယ်တွင် သေဆုံး၍၊ ဆင်းရဲလှသော လှည်းကူလီ၏သမီး ဖြစ်ရပြန်၏။ လှည်းကုန်သည်ကြီးသည် ထိုလှည်းကူလီထံမှ သမီးကို ကြွေးဖြင့် သိမ်းပိုက်လိုက်၏။ မိန်းကလေးအရွယ်ရောက် သောအခါ မယားကြီးလက်ရှိဖြစ်သော လှည်းကုန်သည် ကြီး၏သားက ချစ်လှပါသည်ဆိုကာ ယူလိုက်ပြန်၏။ မိန်းကလေးခမျာ ခင်ပွန်းသည်နှင့် မယားကြီးစိတ်ကြည် ကြပါစေ သဘောဖြင့် ဝတ္တရားကျေပွန်အောင် ဘယ်လိုပင် ပြုသော်လည်း ချင်ခင်မှုကိုမရ၊ ငြိုငြင်မှုနှင့် အမုန်းသာ အဖတ်တင်ခဲ့၏။ မယားငယ်တို့၏ သဘာဝဒုက္ခဖြစ်၏။

ထိုဘဝမှ သေဆုံးရပြန်သော် ဥဇ္ဇေနီပြည်၌ ချမ်းသာကြွယ်ဝသော သူဌေး၏ တစ်ဦးတည်းသော သမီးဖြစ်လာ၏။ အရွယ်ရောက်သောအခါ သာကေတသူဌေးသားနှင့် လက်ထပ်ထိမ်းမြားရ၏။ ခင်ပွန်းသည်နှင့် ပတ်သက်သမျှ မိဘမောင်နှမ ဆွေမျိုးများ အတွက်ပါ မကျန် ဝတ္တရား ကျေအောင် စေတနာထား ဆောင်ရွက်ပြုစုသော်လည်း မျက်နှာကောင်းမရပဲ လင်ကပြစ်သွား၏။

ဒုတိယအိမ်ထောင်အဖြစ် အတန်အသင့် ချမ်းသာသူ တစ်ယောက်နှင့် လက်ထပ်ပြန်ပါသည်။ ထိုယောကျ်ားကလည်း ချစ်ခင်မှုမရှိပဲ ကွဲရပြန်၏။ နောက်ဆုံးမိဘများက သူတောင်းစား တစ်ယောက်ကိုရှာပြီး၊ သူတောင်းစားဘဝမှ ကယ်တင်ကာ ပစ္စည်းဥစ္စာထူထောင်ပေး၍ သူနှင့်လက်ထပ်ပေးလိုက်၏။ ထိုသူတောင်းစားကလည်း မေတ္တာမရှိဟုဆိုကာ ကွာရှင်းလိုက်ပြန်၏။ အိမ်ထောင်သုံးဆက် တိုင်တိုင် စိတ်ဆင်းရဲခြင်း ဒုက္ခလှလှကြီး ရောက်ခဲ့ရ၏။

လူချမ်းသာ ပန်းတိမ်ဆရာလေးဘဝက ငွေကိုရေလိုသုံးကာ၊ လူ့ကျင့်ဝတ်ကို ဖောက်ပြန်ကျူးလွန်ခဲ့သော ကာမေသုမိစ္ဆာစာရကံ၏ ဆိုးကျိုးကား ဤမျှအထိ ကြီးမားပြင်းထန်လှချေ၏။

ထို့ကြောင့် မောင်မယ်တို့ အပျော်အပါး လိုက်စား မှုကိုရှောင်ကြဉ်ရမည်။

**ကာမေမိစ္ဆာ၊ မမှားပါ၊ သိက္ခာကျင့်ပါမည်။**

• • • • • • • • • •

## ၃။ (ခ) သစ္စာရှင်မင်းသမီး

ရှေးသရောအခါက ဗာရာဏသီပြည်တွင် သောတ္ထိသေနမည်သော အိမ်ရှေ့စံမင်းသားတစ်ပါးရှိ၏၊ သူ့တွင် နူနာရောဂါစွဲကပ်လာသဖြင့် နန်းတော်တွင် မစံမြန်းတော့ပဲ သမ္ဗုလမိဖုယားနှင့်အတူ တောထဲသို့ ထွက်လာခဲ့ကြသည်၊ သူတို့နှစ်ဦးသည် လူသူမနီးသော တောအုပ်ကြီးထဲ၌ တဲတစ်လုံးဆောက်ကာ တောတွင်း၌ သဘာဝအလျောက် သီးမှည့်နေကြသော သစ်သီးများကို စားသောက်၍ နေထိုင်ကြလေ၏။

သမ္ဗုလမင်းသမီးသည် လင်သားကို အိမ်ဦးနတ်ကဲ့သို့ ကိုးကွယ်ကာ မယားဝတ်ငါးပါးနှင့်အညီ ပြုစုသည်။ နူနာစွဲကပ်နေသော မင်းသားအား စက်စုတ်ရွံရှာခြင်း မရှိပဲ၊ ခြေဆုတ်လက်နယ်ပြုကာ ဆေးကုပေးသော်လည်း ရောဂါကထူးခြားမလာချေ။

တောတောင်အနှံ့ နေ့စဉ်သစ်သီး ရှာသွားနေရသော မင်းသမီးကို ဘီလူးတစ်ကောင်က လှရောင်ဖန်ဆင်း၍

ချစ်ရေး ဆိုလေသည်။ တစ်ယောက်ထဲ သွားလာနေသော မိန်မသားများကို အညာလွယ်သူများဟု ယောကျ်ားသား များက ထင်တတ်ကြ၏။

သစ္စာစောင့်စည်းသော မင်းသမီးကို မည်သို့မျှ သွေးဆောင်မရဖြစ်နေသည်၊ မောင်ဒါနောသည် အနုနည်းဖြင့် မရသည့်အဆုံး ဆွဲလားရမ်းလား ပြုကာ အကြမ်းနည်းဖြင့် ချစ်ရေးဆိုပြန်သည်။ မင်းသမီးခမျာ ငြင်းမရသည့် အဆုံး **"သူတော်ကောင်း နတ်ကောင်းမပါစေ"** ဟု နတ်များကို တိုင်တည်လိုက်ရာ နတ်မင်းကြီး တစ်ဦးက ဒါနောကို ဝရဇိန်လက်နက်ဖြင့် ချိန်ရွယ်ကာ နတ်သမီးအား လွှတ်ပေးရန် ပြောဆိုကာမှ လွှတ်တော့သည်။

ထိုနေ့က မိုးချုပ်မှ ပြန်ရောက်လာသော·မင်းသမီးအား သောတ္ထိသေနမင်းသားသည် ငါ့ထက်ချစ်ရသူနှင့် တွေ့နေ၍ မိုးချုပ်နေတာ ဖြစ်ရမည်ဟု ပြောဆိုလေသည်။ သမ္ဘုလက ဖြစ်ကြောင်း ကုန်စင်ကို ရှင်ပြသော်လည်း မင်းသားက မယုံနိုင်အောင် ဖြစ်နေ၏။ မိန်းမတို့ စကားသည် မှန်ကန် ခဲသည်၊ နွားနို့ကုလား၊ ထန်းသမား၊ မုသားမဖက်၊ ရေမစွက်သည် မရှိသကဲ့သို့ မိန်းမများသည်လည်း၊ အချစ်ကိစ္စနှင့် ပတ်သတ်သောလျှင် ယုံရန်ခက်၏ဟု ဆိုနေ ပြန်သည်။

ထိုအခါ မင်းသမီးခင်မျာ အခက်ကြုံနေ၏။ သူသည် လော်လီဖောက်ပြားတတ်သူမဟုတ်၊ ကိုယ်ကျင့်သီလမြဲ၍ သစ္စာစောင့်သိသူ မိန်းမမြတ်တစ်ဦးသာဖြစ်သည်။ သူမ အတွက် သစ္စာတရားကိုသာ အားကိုး၍ သက်သေပြစရာ ရှိတော့သည်။ မင်းသမီးသည် အိုးတစ်လုံးတွင် ရေကြည် အပြည့်ထည့်ကာ ရှေ့တွင်ထား၍ သစ္စာပြုလိုက်သည်။ "ငါသည် ကိုယ်ကျင့်သီလနှင့်ပြည့်စုံသူဖြစ်၏၊ ကာမေသု မိစ္ဆာစာရကို မမှားအောင် စောင့်စည်းခဲ့၏။ ဤစကားသည် အမှန်ဖြစ်ပါ၏၊ ဤသစ္စာစကားမှန်ကန်ပါက သောတ္ထိသေန မင်းသား၏ နူနာရောဂါများ ပျောက်ကင်းပါစေသတည်း" ဟုဆိုကာ သစ္စာပြုလိုက်သည်။ ထိုသစ္စာရည်ဖြင့် သောတ္ထိ သေန၏ ကိုယ်ပေါ်သို့ ဦးခေါင်းမှ သွန်လောင်းလိုက်ရာ နူနာများသည် တခဏချက်ချင်းလုံး၀ ပျောက်ကင်းသွား လေသည်။

သူတို့သည် နှစ်ရက်သုံးရက်နေပြီး ရောဂါ ပျောက် ကင်း ပြီဖြစ်၍ ဗာရဏသီမြို့တော်သို့ ပြန်ရောက်လာကြရာ ခမည်းတော် ဘုရင်ကြီးက ထီးနန်းစည်းစိမ်ကို လွှဲအပ် ပေးလိုက်တော့၏။

**ကာမေသုမိစ္ဆာစာရာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။**

• • • • • • • • • •

# မုသာဝါဒကံ

မဟုတ်မမှန်သော စကားကို သိလျက်ဖြင့် သူတစ်ပါး အကျိုးစီးပွားပျက်စီးအောင် လိမ်လည်ပြောဆိုခြင်းသည်- မုသာဝါဒကံ ဖြစ်ပါသည်။ ထိုမုသားစကား ပြောဆိုသူများသည်-

၁။ စကားမပီ၊ သွားမညီ ဖြစ်ရခြင်း။

၂။ ခံတွင်း ပါးစပ်ပုပ်ညှီခြင်း။

၃။ သူတစ်ပါးအပေါ် ဩဇာမရှိခြင်း။

၄။ စိတ်မတည်ပဲ လျှပ်ပေါ်လော်လီခြင်း။

၅။ အပါယ်ငရဲသို့ ရောက်ရခြင်းစသော ဆိုးကျိုးများကို ခံစားရတတ်ပါသည်။

## ၄။ (က) ကမ္ဘာဦးကမုသား

ရှေးအခါက စေတိယတိုင်းပြည်၌ စိုးစံသော စေတိယမင်း၏ မုသားစကားသည် ဖြူစင်သော ကောင်းကင်၌ ညိုမဲသော တိမ်တိုက်ပမာ တစ်ကမ္ဘာလုံး သစ္စာတည်သော ခေတ်ကာလတွင် ရှေးဦးစွာ ပေါ်လာသော မုသားဖြစ်သည်။ လွန်စွာဆိုးဝါးလျက် ယနေ့ထက်တိုင်သော သမိုင်းတွင်ရစ်လေသည်။ ထိုမင်းကား သာမန်မဟုတ်၊ ကောင်းကင်ပျံနိုင်ခြင်း၊ နတ်သားလေးယောက် သက်တော်စောင့်ရခြင်း၊ ကိုယ်မှ စန္ဒကူး နံ့မွှေးခြင်း၊ ခံတွင်းမှ ကြာညိုနံ့မွှေးခြင်းဟူသော တန်ခိုးလေးမျိုးနှင့် ပြည့်စုံသူ ဘုန်းကံရှင်တစ်ဦးဖြစ်၏။

စေတိယမင်းတွင် ပုရောဟိတ်အမတ်ကြီး "ကပိလနှင့် ကောရမည်သော ပုဏ္ဏားညီကို နှစ်ဦးလည်းရှိ၏။ ညီငယ် ကောရကား စေတိယမင်းနှင့် ကျောင်းနေဖက် သူငယ်ချင်းဖြစ်၏။ မိမိဘုရင်ဖြစ်လျှင် သူငယ်ချင်း ကောရကို ပုရောဟိတ်ရာထူး ခန့်မည်ဟု ကတိပေးခဲ့၏။ သို့သော်

ခမည်းတော် ဘုရင်ကြီး နတ်ရွာစံ၍ စေတိယဘုရင် ဖြစ်လာသောအခါ ဖခင်လက်ထက်က ပုရောဟိတ်ဟောင်းကို ရာထူးမှ မချနိုင်၊ မျိုးရိုးအစဉ်အလာအရ အကိုကြီး ဖြစ်သူသာလျှင် ပရောဟိတ် ရာထူးရမြဲ ဖြစ်သည်။

တနေ့သ၌ကား ထိုရာထူးအတွက် စဉ်းစားရင်း ဘုရင်က သူ၏သူငယ်ချင်းကို ပြောသည်မှာ-"သူငယ်ချင်း- ကောရ ရာထူးအတွက် မပူပါနှင့်၊ ငါကိုယ်တိုင် ပရိတ်သတ် အလယ်မှာ သင့်ကို အကိုကြီး၊ သင့်နောင်တော်ကပိလကို အငယ်ဖြစ်တယ်ဟု မုသားပြောမည်။ သည်လိုဆိုလျှင် ကောရကအကြီးဖြစ်သွားပြီး ရာထူးကို ရခွင့်ရှိသွားမည်"ဟု ပြောဆိုတိုင်ပင်ကြသည်။

ဤသို့ ဘုရင်နှင့် ကောရတို့ တိုင်ပင်ကြသော စကားသည် တစ်မြို့လုံး ပြန့်နှံ့သွား၏။ ထိုခေတ်အခါက မုသားကို မကြားဖူးကြ၊ တစ်ကမ္ဘာလုံး သစ္စာတည်သောအခါ ဖြစ်၍၊ ဘုရင်ပြောမည့် မုသားဆိုတာ ဘယ်လိုပါလိမ့်"ဟု သိချင်နေကြလေ၏။ ထိုမျှလောက် သတင်းကြီးနေသော မုသားကို ကြားသိလိုကြသော မြို့သူမြို့သားတို့သည် မုသား ပြောမည့်ဌာန၌ အလုအယက် နေရာယူကာ ပြည့်ကျပ်ကျိတ်ခဲ နေ၏။ ဘုရင်နှင့် ကောရတို့လည်း မုသားပြောရန် အသင့်

နေရာယူလိုက်၏ ထိုအခါ ဈာန်အဘိညာဉ်ရ ရသေ့ကြီး တစ်ပါးလည်း ဆုံးမတရား ဟောရန် ရောက်ရှိလာသည်။

ရသေ့ကြီးက“ ဘုရင်မင်းမြတ် မုသားကိုဆိုသည် ရှိသော် တရားကို သတ်သည်မည်ပါတယ်၊ ကိုယ့်တရားကို သတ်ခြင်းသည် မိမိကိုယ်ကို ပြန်သတ်ရာ ရောက်ပါတယ်” ဟု ဆုံးမစကားကိုဆိုသည်။ ဘုရင်သည် ဆုံးမစကားကို မနာယူပဲ “ကောရကအကြီး၊ ကပိလ ပုရောဟိတ်ဟောင်းက ညီငယ်ဖြစ်တယ် ဟု မုသား ပြော၍ ကြေညာ လိုက်လေသည်။

ဤမုသားကား ကမ္ဘာတွင် ပထမဆုံး မုသားဖြစ်၍ အလွန်တရာ နက်ရှိုင်းလေ၏။ ဘုရင်ကြီးက မုသားစကားကို ပြောဆိုလိုက်သည်နှင့် တစ်ပြိုင်နက် ဘုရင်အား စောင့်ရှောက် နေကြသော နတ်သားလေးယောက်တို့သည် ကွယ်ပျောက် သွားကြ၏၊ ခံတွင်းထဲမှလည်း ကြာညိုနံ့ကွယ်၍ ကြက်ဉ အပုပ်နံ့ထွက်လာ၏။ ကိုယ်အနံ့များလည်း စန္ဒကူးနံ့ ကွယ်ပျောက်၍ အိမ်သာနံ့ ပေါ်ထွက်လာသည်။ ကောင်းကင် မှာလည်း မသွားနိုင်တော့ဘဲ မြေပေါ်သို့ ကျရောက်ရာရ၏။

ရသေ့ကြီးက “မင်းမြတ် မုသား မပြောပါနှင့်၊ အမှန်ကို ပြင်၍ ပြောလျှင် ထိုတန်ခိုးများအားလုံး မူလအတိုင်း ရရှိပါလိမ့်မယ်”ဟု သတိပေးသော်လည်း ရသေ့ကြီး၏

လှည့်စားမှုဟု ထင်ကာ အကိုကြီး ကပိလကို အငယ်၊ ညီငယ်ကောရကို အကြီးဟုပင် ထပ်၍ မုသားပြော ကြေညာလိုက်ပြန်၏။ ထိုအခါ သူ့ခြေနှစ်ချောင်း ခြေမျက်စိထိအောင် မြေထဲသို့ အိခနဲ နစ်ဝင်သွား၏။

ရသေ့ကြီးကထပ်၍ သတိပေးသော်လည်း ဘုရင်က သုံးကြိမ်မြောက် မုသားဆိုပြန်ရာ ဒူးဆစ်တိုင်အောင် မြေထဲသို့ နစ်ဝင်သွားသည်။ လေးကြိမ်ပြောဆိုရာတွင် ခါးတိုင်အောင် နစ်ဝင်သွား၏။ ငါးကြိမ်မြောက်တွင် ချက်ထိအောင် မြုပ်သွား၏။ ခြောက်ကြိမ်မြောက် ပြောဆိုရာတွင် ရင်သားတိုင်အောင် နစ်ဝင်၍ ခုနစ်ကြိမ်မြောက် ပြောဆိုရာတွင်ကား မြေကြီးသည် ဟင်းလင်းပွင့်လာ၍ တက်လာသော မီးတောက် မီးလျှံတို့သည် မုသားဘုရင်ကြီးကို ရစ်သိုင်း၍ အဝီစိငရဲသို့ ယူသွားလေတော့၏။

**မုသားလိမ်ညာ၊ မပြောပါ၊ သိက္ခာကျင့်ပါမည်။**

• • • • • • • •

## ၄၊ (စ) စကားကတိတည်သူ

ရှေးသရောအခါက ဗာရာဏသီပြည်တွင် ပေါရိသာဒ ဆိုသော လူသားစားသည့် ဘုရင်တစ်ပါး ရှိခဲ့ဖူးပါသည်။ ထိုဘုရင်သည် အမဲဟင်းလျာကို အလွန်ကြိုက်သည်၊ နေ့စဉ်အမဲဟင်းလျာကို စားနေရာမှ လူသားကိုပါ စားမိလေ၏။ အလွန်မိန်ရှက်သော အရသာကို စွဲလမ်းသွားသဖြင့် နေ့စဉ် လူသားကို ရာကြဲ၍ သတ်ဖြတ် စားသောက်နေ၏။ ထိုကိစ္စ အမှုပေါ်လာသဖြင့် တိုင်းပြည်မှ နှင်ထုတ်လိုက်သည်။

ပေါရိသာဒသည် လူသူမနီးသော တောအုပ်ကြီး တစ်ခု၏ ညောင်ပင်ကြီးအောက်ခိုအောင်းနေ၏။ တောအုပ်ကိုဖြတ်သန်းသွားသော ခရီးသည်များကို ဖမ်းယူ စားသောက်နေသည်။ တစ်နေ့တွင် လူအများနှင့် အတူလာသော ခရီးသွား ပုဏ္ဏားတစ်ဦးကို ဝင်ရောက်ဖမ်းဆီးသည်။ လူအများက ဝိုင်းလိုက်ကြသဖြင့် ပုဏ္ဏားကို ထမ်း၍ ခြစည်းရိုးတစ်ခုကို ခုန်ကျော်လိုက်ရာ ရှားငုတ်တို တစ်ခုက သူ၏ ခြေထောက်ကို စူးဝင်သွား၏။

ပေါရိသာဒသည် သစ်ငုတ်စူးသော ဒါဏ်ရာမှ နာကျင်ကိုက်ခဲသော ဝေဒနာကို အမြန်ပျောက်ချင်လှသဖြင့် ညောင်ပင်စောင့်နတ်အား တိုင်တည်လိုက်သည်။ "အသင်နတ်မင်း--ငါ့အနာကို အမြန်ပျောက်အောင် ကူသပေးပါ၊ အနာအမြန်ပျောက်လျှင် လူတစ်ရာ၏ လည်ချောင်းသွေးဖြင့် နတ်တင်ပါမယ်"ဟု နတ်ကိုကိုးလိုက်သည်။

ပေါရိသာဒ၏ အနာသည် မကြာခင်မှာပင် ပျောက်ကင်းသွားရာ "နတ်မသောကြောင့် အနာပျောက်တာဖြစ်သည်" ဟု ထင်မှတ်သွားတော့၏။ ထိုအဖြစ် မမှန်ကန်ပါ။ ပျောက်ချိန်ကန်၍ ပျောက်သွားခြင်းဖြစ်သည်။

ပေါရိသာဒသည် သူ့ကတိအတိုင်း နတ်ကို ပူဇော်ရန် လူပေါင်းတစ်ရာကို လိုက်လံဖမ်းဆီး၍ ညောင်ပင်၏ အောက်တွင် ကြိုးဖြင့်တုတ်ကာ ဇောက်ထိုးဆွဲထားလိုက်သည်။ အဖမ်းအဆီးခံရသော လူများတွင် သုတသောမ မင်းသားလည်း ပါလာလေသည်။

"ဘယ်လိုလဲ မင်းသား၊ သေရမှာ ကြောက်နေပြီလား" ဟု ပေါရိသာဒက မင်းသားကို မေးလိုက်သည်။ မင်းသားက "ငါသေရမှာ မကြောက်ပါဘူး။ ငါကတိတစ်ခု ပျက်မှာပဲ စိုးရိမ်ပါတယ်"။ ဘယ်လိုကတိလဲ ဟု မေးရာ မနက်ဖန် တရားလေးဂါထာကို နာယူရန် နန္ဒပုဏ္ဏားနှင့် ချိန်းဆိုထားတဲ့

ကတိစကားတစ်ခု ရှိပါတယ်။ ဒါကြောင့် နန္ဒပုဏ္ဏားထံမှ တရားနာယူရန် ခေတ္တပြန်ခွင့်ပြုပါ"ဟု မင်းသားက ခွင့်တောင်းသည်။ "ပြန်မလာရင်ကော" ဟု ပေါရိသာဒက ဆို၏။ "သင်ပေါရိသာဒကိုလဲ ငါကတိ ပေးပါတယ်၊ ကေန်မုချ ပြန်လာပါမယ်"ဟု မင်းသားသည် ပေါရိသာဒကို ကတိပေးလိုက်သည်။ ဤ သုတသောမ မင်းသားသည် ကတိ တည်သူဖြစ်သည်။ ကတိသစ္စာစကားကို တန်ဖိုးထားသူ ဖြစ်၍ ပြန်ခွင့်ပြုလိုက်သည်။

သုတသောမမင်းသားသည် နန်းတော်သို့ပြန်၍ ပညာရှိ နန္ဒပုဏ္ဏားထံမှ တရားလေးဂါထာကို နာယူလေ၏။ တရားနာယူပြီး နန္ဒပုဏ္ဏားကို အသပြာ လေးထောင်ပူဇော်၍ သူ့ကတိစကားကို တည်စေလိုသဖြင့် ပေါရိသာဒထံ ပြန်ရန် ပြင်ဆင်လေသည်။

ပြည်သူပြည်သားများသည် မပြန်ရန် တားမြစ်ကြရာ သုတသောမ မင်းသားက"ကိုယ့်ကတိစကားအတိုင်း ဆောင်ရွက်တာဟာ လူတော်လူကောင်းတို့၏ အလေ့ အကျင့် ဖြစ်ပါတယ်၊ ပေါရိသာဒက ငါ့ကို ယုံကြည်လို့ လွှတ်လိုက်တာ၊ သူလွှတ်ပေးလို့လဲ နန္ဒပုဏ္ဏားထံ ပေးခဲ့တဲ့ ကတိလဲ တည်ခဲ့ရတယ်၊ သူ့ထံပြန်မသွားရင် ကတိပျက်ပြီး လိမ်လည်ရာ သက်ရောက်ပါတယ်၊ ဒါကြောင့် လူသားစား

ပေါရိသာဒထံ ပြန်သွားရမယ်” ဟု ရှင်းလင်းပြောပြီး မြို့တော်မှထွက်ခွာလာခဲ့၏။

သုတသောမမင်းသားသည် သူ၏ကတိသစ္စာကို အသက်နှင့်လဲလှယ်၍ ပြန်လာတာကို ပေါရိသာဒတွေ့မြင်လိုက်ရသောအခါ “ ဒီမင်းသားဟာ သေရမှာကိုသိလျက် ကတိအတိုင်းပြန်လာနေပါလား၊ သေရမှာကိုမကြောက်ပဲ ရဲရင့်တာဟာသူယူလာသောဂါထာတန်ခိုးကြောင့် ဖြစ်ရမယ်၊ ငါလဲသူ့လိုမကြောက်မရွံ့ ရဲရင့်ချင်တယ်” ဟု ကြံစီပြီးလျှင် တရားဂါထာများကို သူ့အား ဟောကြားပေးရန် ပေါရိသာဒက တောင်းဆိုသည်။

ထိုဂါထာများက ရဲရင့်စိတ်ကိုဖြစ်သော ဂါထာမန္တာန်များမဟုတ်ချေ၊ ကဿပဘုရား၏ တရားတော်များ ဖြစ်၏။ သို့ဖြစ်၍ သုတသောမမင်းသားသည် ပေါရိသာဒအား တရားဂါထာတရားများကို ဟောကြားပေးလိုက်၏။ ပေါရိသာဒသည် ထိုတရားတော်ကို နားကြားလိုက်ရသည်နှင့် တပြိုင်နက် ဝမ်းဆီထိသကဲ့သို့ ပီတိစိတ်များ ဖြစ်ပေါ်ကာ တရားသဘောကို သိမြင်သွားတော့၏။

သုတသောမမင်းသားကိုလည်း လေးစားချစ်ခင်သွားသဖြင့် တရား ၄-ဂါထာကို ပူဇော်သည့်အနေဖြင့်

ဆုလေးဆုကို ပေးပါမည်၊ လိုရာဆုကို တောင်းပါဟု ပေါရိသာဒက ဆို၏။ မင်းသားသည် -

၁။ ငါသည် သင်ပေါရိသာဒကို အသက်တစ်ရာ ရှည်တာကို မြင်ချင်ပါတယ် ဟု ပထမဆုကို တောင်းဆိုရာ ပေါရိသာဒက“ ဩော် ငါကတော့ သူ့ကို သတ်ပြီး ယစ်နတ်ပူဇော်ရန် လုပ်နေတာ၊ သူကတော့ ငါ့ကို အသက်တစ်ရာရှည်ပါစေ” တဲ့ဟု အောင့်မေ့နေလေ၏။

၂။ ဖမ်းဆီးထားသူများကို ပြန်လွှတ်ပေးပါ။

၃။ သူတို့ကို သက်ဆိုင်ရာနိုင်ငံအသီးသီးသို့ ပြန်ပို့ပေးပါ။

၄။ သင်သည်လည်း လူသားစားခြင်းမှရှောင်ကြဉ်၍ ငါးပါးသီလကို စောင့်ထိန်းပါဟု တောင်းဆိုရာ၊ ပေါရိသာဒကလည်း သူ့ကတိစကားအတိုင်း ပေးလိုက်လေတော့၏၊ ငါးပါးသီလ စောင့်ထိန်းထားပြီဖြစ်သော ပေါရိသာရနှင့်တစ်ကွ အားလုံး ကိုယ့်တိုင်းပြည် ကိုယ်ပြန်ကာ ချမ်းသာစွာ နေထိုင်ကြတော့သည်။

**မှသာဝါဒါ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။**

# သုရာမေရယကံ

လူကိုမူးယစ်မေ့လျော့စေတတ်သော အရက်သေစာမှ အစ ဘိန်းဖြူ, ကုတ်ကင်း, ဆေးခြောက်, မာဖီးယားစသော မူးယစ်ဆေးဟူသမျှ သုံးစွဲသောက်စားခြင်းသည် သုရာမေရယကံမည်၏။

ထိုမူးယစ်သေစာ သောက်စားသူများသည် –

၁။ သတိလွတ်ကင်း၍ အရှက်မရှိခြင်း။

၂။ အကောင်းအဆိုး အမှားအမှန် မခွဲခြားနိုင်ခြင်း။

၃။ ရောဂါများခြင်း။

၄။ မွေးဖွားလာသော သားသမီးများ စိတ်ဓာတ်ကျဦးနှောက်ကျပ်မပြည့်ခြင်း။

၅။ စီးပွားပျက်ခြင်းမှစ၍ အပါယ်ဒုဂ္ဂတိသို့ လားရောက်တတ်သည်အထိ ဆိုးကျိုးများ ဖြစ်ပေါ်တတ်၏။

# ၅။ (က) အရက်သမိုင်းတွင်သူ

ကမ္ဘာဦး၏ ရှေ့ပိုင်းခေတ်သည် အရက်သေစာ မပေါ်သေးသော ခေတ်ဖြစ်သည်၊ နောက်ပိုင်းခေတ်၏ တစ်ခုသောကာလ၌ ဟိမဝန္တာတောမှ သစ်ပင်ကြီးတစ်ပင်တွင် ကိုင်းမကြီး ၃–ခု ဆုံရာ၌ သစ်ခေါင်းကြီးတစ်ခု ဖြစ်ပေါ်နေ၏။ မိုးရာသီတွင် ထိုသစ်ခေါင်း၌ မိုးရေများ ပြည့်နေတတ်သည်။ ထိုသစ်ပင်ကြီး၏ အနီးတွင် ပေါက်နေကြသော သစ်ပင်တို့မှ အသီးများသည် ထိုသစ်ခေါင်းကြီးထဲသို့ ကြွေကျတတ်ကြသည်။ ကျေးငှက်များကလည်း အဝေးမှ သလေးသီးနှံများကို ချီ၍ထိုသစ်ပင်ကြီးပေါ်မှာ စားသောက်ကြရာ စပါး, ဆန်စေ့များသည်လည်း ထိုသစ်ခေါင်းကြီးထဲသို့ပင် ကျရောက်ကြပြန်သည်။ ရက်များကြာရှည်လာသောအခါ သစ်ခေါင်းကြီးထဲမှ ရေသည် နေ၏အပူရှိန်ကြောင့် ပူကျက်လာသည်။ ဆန်, စပါးနှင့် သစ်သီးများကလည်း စိမ်ရည်အဖြစ် ပေါက်လာသည်၊ အရောင်မှာနီကျင်ကျင် ဖြစ်လာပြီး သဘာဝအလျောက် သေရည်အရက် ဖြစ်လာသည်။ ငှက်များသည် ထိုစိမ်ရည်

အရက်ကို သောက်မိရာ အားလုံးမူးယစ်၍ မြူးတူး မြည်တွန်ကာ အထက်သို့ပြန်တက်ကာ သစ်ပင်းရင်းသို့ တစ်ဖြုတ်ဖြုတ်ပြန်ကြကုန်ကြသည်။ တစ်ခဏကြာလျှင်လည်း ထပျံသွားကြပြန်၏။

ဗာရာဏသီပြည် ကာသိတိုင်းသား သူရမည်သော မုဆိုးသည် ထိုအချင်းအရာကို မြင်တွေ့ပြီး၊ သစ်ခေါင်းထဲမှ စိမ့်ရည်အရက်ကိုသောက်ကြည့်လေသည်။ ငှက်များကဲ့သို့ မူးယစ်သွား၏။ သစ်ပင်ရင်း၌ မူးကျနေကြသော ကျေးငှက်များကို ဖမ်းယူသတ်ဖြတ်၍ မီးကင်ပြီး သေရည်ဖြင့် မြည်းစား ၏။ နေ့စဉ်တစ်ဦးတည်း သောက်စားနေရသည်ကို အားမရနိုင်သော သူရမုဆိုးသည် ယခင်ကသိကျွမ်းခဲ့သော ဝရုဏရသေ့ထံသို့ ထိုသေရည်များကို ယူဆောင်ကာ ကပ်လှူ လိုက်၏။ နှစ်ဦးသား သေရည်ကိုသောက်လိုက်၊ ငှက်သား မြည်းစားလိုက်ဖြင့် ဟိမဝန္တာတွင် အပျော်ကြီးပျော်နေ ကြသည်။ ရသေ့လည်း အရက်စွဲသွားတော့၏။

တစ်နေ့ ထိုသူရမုဆိုးနှင့် ဝရုဏရသေ့တို့သည် မြို့နေ လူသားများပါ တိုက်ကျွေးလိုကြသဖြင့် သစ်ခေါင်းထဲမှ သေရည်တို့ကို ဝါးကျည်တောက်များတွင် ထည့်ယူဆောင်ကာ မြို့များသို့ သွားရောက်ရောင်းချကြသည်။ ထိုလူများတွင် သာမက ဘုရင့်ထံဆက်သရာ ဘုရင်ပါနှစ်ခြိုက်သွား၏။

ယူဆောင်လာသော သေရက်များကုန်လျှင် ထိုမြို့မှာပင် သစ်ခွရည်နှင့်တူအောင် ချက်လုပ်၍ သောက်ကြရာ တစ်နိုင်ငံလုံး ကူစက်သွားတော့၏။ ထိုအခါ ဗာရာဏသီ တစ်ပြည်လုံး ဆုတ်ယုတ်ပျက်စီးကြလေသည်။

ထို့နောက် သာကေတမြို့သို့သွား၍ သဗ္ဗမိတ္တ မင်းကြီးအား အလွန်ချိုမြိန်သော အရက်ချိုကို သူတို့ချက်လုပ် တတ်ပါကြောင်း တင်ပြလျှောက်ထားရာ ဘုရင်းကြီးက လိုအပ်သော ကုန်ကြမ်းပစ္စည်းများကိုပေး၍ ချက်လုပ် ခိုင်းလေ၏။ ချက်လုပ်ပြီးသောအခါတွင် အိုးကြီးများဖြင့် ထည့်၍ ဘုရင်အား ဆက်သလိုက်၏။

ဘုရင်သည် မဏ္ဍပ်ကြီးထိုး၍ မင်းညီမင်းသား၊ မှူးမတ်များနှင့်တစ်ကွ ပျော်ပွဲစားရန် ပြင်ဆင်နေစဉ်၊ ကြောင်များသည် သေအရက်အိုးမှ လျှံကျလာသော အရက် တို့ကို သောက်မိကြလေလျှင် ကြောင်များ မူးယစ်ကာ အသေကောင်သကဲ့သို့ တုံးလုံးပက်လက် ဖြစ်ကုန်ကြ တော့၏။

ကြောင်များသေကြေနေကြကြောင်းကို ဘုရင်အား လျှောက်ထားလေလျှင် ဤသူရမုဆိုးနှင့် ဝရုဏရသေ့ အဆိပ်ရည်များပြုလုပ်၍ ငါတို့အား လုပ်ကြံရန် လာကြ သူများ ဖြစ်သည်ဟု ယူဆကာ သူရနှင့်ဝရုဏတို့ကို ချက်ခြင်း သတ်ပြစ်လိုက်ကြသည်။

သူရမှဆိုးနှင့် ဝရဏတို့ အရက်ကိုတည်ထွင်သူနှစ်ဦးသည် " အရက်ချိုပါဘုရား၊ အရက်ချိုပါဘုရား" ဟု အော်ဟစ်လျှောက်ထားယင်း အသက်ပျောက်သွားကြတော့၏။ သူတို့နှစ်ဦး အသက်ပျောက်ပြီး မကြာမီမှာပင် အသေကောင်ကဲ့သို့ မူးယစ်မေ့လျော့နေရာမှ ကြောင်များ အမူးပြေကာ ပြန်ထလာကြသည်။ ထိုခေတ်အခါမှစ၍ လူသားများသည် အရက်ကို ကိုယ်တိုင်ချက်လုပ်၍ သောက်စားလာကြရာ ယနေ့ခေတ်အထိပင် ဖြစ်တော့၏။

အရက်သေစာ၊ မသောက်ပါ၊ သိက္ခာကျင့်ပါမည်။

• • • • • • • • •

## ၅။ (ခ) တစ်ထောင်တန် ဥပုသ်သည်

ဇေတဝန်ကျောင်းဒကာ အနာထပိဏ်သူဌေးကြီး၌ သားမိုက်တစ်ယောက်ရှိ၏၊ မိဘ၏အဆုံးအမကို လုံးဝ နားမထောင်ပဲ အပေါင်းအသင်းနှင့် အမြဲတမ်း မူးယစ် သောက်စား ပျော်ပါးသုံးဖြုန်းလျက်နေ၏။ သေအရက်နှင့် အပျော်အပါး၊ အပျော်အပါးနှင့် အရက်သေစာသည် ဒွန်တွဲလျက်ရှိ၏။ သူဌေးသား ကာဠသည် မိခင်ထံ တောင်းလိုက် အမတွေထံတောင်းလိုက် မသိအောင် ယူလိုက်ဖြင့် ပျော်ဖို့ပါးဖို့ သောက်စားဖို့ တစ်ခုတည်းသိ၏။

သားကို ဖခင်ခြေရာနင်းစေချင်သော သူဌေးကြီးသည် ကာဠတောင်းသည့် ပိုက်ဆံကို အလကားမပေး "တစ်နေ့ ဥပုသ်သီလစောင့်လျှင် ငွေတစ်ရာပေးမယ်" ဟု ဆိုကာ ကာဠကို ကျောင်းတော်သို့သွား၍ ဥပုသ်သီလစောင့်ခိုင်း၏၊ ဖြုန်းဖို့ငွေလိုနေသောကာဠသည် ဇေတဝန်ကျောင်းတော်သို့ သွား၍ ဥပုသ်စောင့်ရတော့၏။ ဥပုသ်ကျောင်းမှ ပြန်လာ သောအခါ ဆုအဖြစ် ငွေတစ်ရာကို ရလိုက်၏။ သုံးဖြုန်း ပစ်လိုက်၏။ ဥပုသ်တစ်ခါစောင့် ငွေတစ်ရာဖြင့် တွက်ချေ ကိုက်နေလေ၏။

သူဌေးကြီးက တဆင့်တက်၍ ဥပုသ်စောင့်သွားယင်း မြတ်စွာဘုရား ဟောတော်မူသည့် တရားထဲမှ တရားတစ်ပုဒ်

မှတ်မိလျှင် ငွေတစ်ထောင်ပေးမည်ဟု ပြောလေ၏။ ငွေတစ်ထောင် လိုချင်သော ကာဠသည် ကျောင်းတော်သို့ သွား၍ ဒေါင့်စွန်တစ်နေရာမှနေကာ မြတ်စွာဘုရား ဟောသည့် တရားကိုတစ်ပုဒ်မျှ မှတ်ယူရန် အာရုံစိုက်၍ နားထောင်သည်။ မှတ်မိစေရန် အာရုံစိုက်၍ နားထောင်ယင်းဖြင့် တရားတော်၏သဘောအဓိပ္ပါယ်ကို သဘောပေါက်သိမြင်သွားလေတော့၏။ တရားပွဲဆုံးသည်နှင့် တစ်ပြိုင်နက်သောတာပတ္တိမဂ်ဉာဏ် ဖိုလ်ဉာဏ်ကိုရရှိသွားလေ၏။

နံနက်လင်းသောအခါ မြတ်စွာဘုရား ဆွမ်းခံရာနောက်မှ လိုက်ပါလာရင်း ဖခင်သူဌေးအိမ်သို့ ရောက်ရှိလာ၏။ မျက်နှာတည်ကြည် ငြိမ်သက်လှသော ဥပုသ်သည် ကာဠကို ဖခင်က ငွေတစ်ထောင်ပေးသောအခါ ကာဠသည် အလွန်ရှက်နေ၏။ ငွေတစ်ထောင်ကို မယူပဲငြင်းဆန် လေ၏။ ထိုအခါ မြတ်စွာဘုရားက ကာဠသည် ဥပုသ်စောင့်တရားနာယင်း တရားကိုသိမြင်သွားပြီး စကြာဝတေးမင်း၏ စည်းစိမ်ထက် သာလွန် မြင့်မြတ်သောအရာကို ရရှိနေပြီဖြစ်၍ သင်ပေးသော ငွေတစ်ထောင်ကို မမက်တော့ကြောင်းကို ဟောပြောလိုက်လေသည်။

**သူရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။**

ပ.မ.သ.၈-၇/၁၀.၆၂.၉၆ (၇၀၀၀) လစ်ပဲဒို။

# THI LA MANGA A KYU

1. Sut gan law htam rawt jat ai.
2. Mying kaja lu la ai.
3. Masha hpawng lapran e a wam a dam rawt kwi ai.
4. Si ai shaloi sim sim zim let nsa hti lu ai.
5. Si mat ai hpang nat hting nu nat mung dan de du ai.